Book Making

AMK creation

# သစ္စာကိုသက်သေတည်၍
# အရှင်လတ်လတ်အလွမ်းခြွေပါရစေ

နတ်ရဲ(ရူပဗေဒ) ဆုဂျေ



အ ချစ် နှင့် ဘ ဝ ရ သ ဝ တ္ထု တို များ

Design - YeThuAung(AMK)

## အမှာစာမဟုတ်သော အမှတ်တရစာ

## (တစ်)

နတ်ရဲ့(ရူပဗေဒ)နှင့် ဆုဂျေတို့က သူတို့၏ ဂဏ္ဍုတိုစာအုပ်လေးအတွက် ကျွန်တော့်ကို အမှာစာရေးပေးဖို့ပြောသည်။ ကျွန်တော်လန့်သွား၏ ။ အမှာစာဆိုတာကို ကျွန်တော်မရေးရဲ။ ကျွန်တော့်လက်ရှိ အနေအထား၊ စာပေဝမ်းစာနှင့် နှိုင်းယှဉ်လျှင် အမှာစာကို ကျွန်တော့်အနေနှင့် မရေးအပ်သေးသော စာမျိုးဖြစ်သည်ဟု ကျွန်တော်ခံယူထား၍ ဖြစ်သည်။ ကလောင်ငယ်များ ထုတ်ဝေသော စာအုပ်မျိုးတွင် ဝါရင့်ကလောင်ရှင်၊စာရေးဆရာ ပညာရှင်များက မုဒိတာစိတ်ဖြင့်၊ ကရုဏာစိတ်ဖြင့် နွေးနွေးထွေးထွေး ဝေဖန်မှတ်ချက်ပေးရေးသားသည့် “အမှာစာ” သည် ထိုတက်သစ် ကလောင်ရှင်ကို ပရိသတ်လက်ထဲအပ်နှံပေးသည့် သဘောဖြစ်ပြီး။ ဝါရင့် ကလောင်ရှင်တစ်ဦး ထုတ်ဝေသည့် စာအုပ်မျိုးတွင် တခြားဝါရင့်ကလောင်ရှင် စာရေးဆရာ တစ်ဦးကရေးသားသည့် “အမှာစာ” သည် ချစ်ခင်ရင်းနှီးသည့် ဖေးမမှုသဘာမျိုးဆောင်သည်ဟု ကျွန်တော် တွေးထားမိ၍ ဖြစ်သည်။ သို့သော် ညီအစ်ကို၊ မောင်နှမများလို ရင်းနှီးနေသူများဖြစ် သဖြင့် (တစ်နည်းအားဖြင့် လူနိုင်တွေပေ့ါဗျာ) ကျွန်တော် ဘယ်လိုမှလည်း ငြင်း၍ မရ။ သည်တော့ မရေမရာ သာအာမခံခဲ့လိုက်သည်။

## (နှစ်)

ထုတ်ဝေမည့် စာအုပ်တွင်ပါဝင်သည့် ဂဏ္ဍုကိုကလေးများကို

ကျွန်တော့်အားပေးကြသည်။ သူတို့အမှာစာ လာရေးခိုင်းတုန်းက
လန့်တာထက်“ဆယ်ဆ”လောက် ပို၍ လန့်သွား၏ ။ သူတို့၏ ဂတ္ထုတိုတွေကို
အသေအချာ ဖတ်ကြည့်လိုက်မိခြင်းကြောင့်ဖြစ်သည်။ အမှာစာရေးပေးဖို့
တောင်းဆိုခံရသော ကျွန်တော်သည် သူတို့လောက်ပင် ဂတ္ထုမရေးတတ်ပါ။
ကျွန်တော့်၏ စာပေရပ်ဝန်းမှ စီနီယာများ ဖြစ်သော၊ ကျွန်တော်နှင့် စာရေးဖော်၊
စာရေးဖက်များဖြစ်သော ကျွန်တော့် အစ်ကို အစ်မတွေလို ခင်မင်သော
ကိုမင်းဝေဟင်၊ မစံပယ်ဖြူနု၊ မအဖြူရောင်(ရွှေ)၊ မမြသွေးနီ စသော စာရေးဆရာ
ဆရာမများနှင့် တွေ့တိုင်း လိုလိုမှာ ကျွန်တော် ဂတ္ထုတိုအကြောင်း ဆွေးနွေးသည်။
မေးမြန်းသည်။ ဘာလို့လဲဆိုတော့ သည်အစ်ကိုတွေ၊ အစ်မတွေ၏ အရေးအသား။
သဘောထားနှင့်၊ ဂတ္ထုတိုပညာတို့ကို အားကျအတုယူချင်သောကြောင့်ဖြစ်သည်။
ကျွန်တော့်တွင် ဂတ္ထုတိုရေးဖို့ စဉ်းစားထားတာတွေ၊ ချရေးထား လက်စတွေရှိသည်။
သို့သော် တစ်ပုဒ်မျှ အဆုံးမသတ်နိုင်ခဲ့။ လုပညက်ညော၍ ပညာသားပါသော
ရသဂတ္ထုတိုအရေးအသားကို ကျွန်တော့် အနေဖြင့် မနိုင်နင်းသေးဟု ထင်၍
ပင်ဖြစ်သည်။

ထို့ကြောင့်ပင် ဂတ္ထုတိုစာအုပ်အတွက် သူတို့လေးတွေ ကျွန်တော့်ဆီ
အမှာစာတောင်းတော့ ကျွန်တော်ကြိုတင်၍ လန့်နေခဲ့ခြင်းဖြစ်သည်။ သည်တော့
ကျွန်တော်ဘာရေးပေးရလျှင် ကောင်းမလဲ၊ စဉ်းစားလိုက်တော့
အဆင်ပြေနိုင်တာတစ်ခုကို သွားတွေ့သည်။ အမှာစာ မဟုတ် သည့်
အမှတ်တရစာပိုဒ် တစ်ခုခုကို ရေးပေးဖို့ပင်ဖြစ်သည်။ ဒါဆို သူတို့လည်း ကျေနပ်၊
ကျွန်တော် လည်း ဝိနည်းလွတ်ဖြစ်မည်။ သူတို့၏ ဂတ္ထုတိုလေးများကိုဖတ်ပြီး
ပရိသတ်တစ်ယောက်၊ ခံစားသူတစ်ယောက်အနေနှင့် ဤစာစုကို
ရေးသားပေးလိုက်ပါသည်။

**(သုံး)**

သူတို့နှစ်ဦး၏ ဝတ္ထုများကို ဖတ်ကြည့်တော့ အကြောင်းအရာတွေ၊ အရေးအသား ပုံစံတွေ၊ စာဖတ်သူကို ပြောပြချင်သော၊ တိုင်ပင်ချင်သော စကားတွေစုံလင်လှသည်ဟု ခံစားရသည်။ မေတ္တာတရား၊ ကိုယ်ချင်းစာတရား၊ ချစ်ခြင်း တရားစသည်တို့ကို နင့်နင့်နဲနဲ ခံစားလိုက်ရသည်များ ရှိသလိုဘဝကို ခက်ခက်ခဲခဲ ရုန်းကန်ရသူတို့၏ ပုံရိပ်များ၊ လူငယ်သဘာဝဖြစ်တတ်သည့် အချစ်ရေးအချစ်ရာကိစ္စများ၊ ပညာရေးရပ်ဝန်းတွင် ဖြစ်ပျက်တတ်သော အကြောင်းအရာညများ ညဥ့်ငှက်ကလေးတို့၏ ဘဝများ၊ ပတ်ဝန်းကျင်တွင် မြင်တွေ့နေကျ အိမ်ထောင်ရေး ဇာတ်လမ်းများ စသည့် အလွှာမျိုးစုံရုပ်ပုံများကိုလည်း မျက်လုံးထဲ မြင်ယောင်လာသည်အထိ ဖတ်ရှုရသည်။

ဒါတင်မကသေး။ အင်တာနက် အွန်လိုင်းပေါ်မှ လူတိုင်းလိုလို ကြုံတွေ့ကြဖူးသော ဖြစ်ရပ်များ၊ ရှုပ်ထွေးလှသည့် လူမှုကွန်ယက် ဝက်ဘ်ဆိုက်ထဲမှ အနေအထားများ စသည့် ခေတ်ပြိုင်ကြိုးစများကိုလည်း သူတို့လစ်လပ်မထားခဲ့။ မိဘမေတ္တာဖွဲ့ ဝတ္ထုများ၊ တစ်ထောင့်ငါးရာ ချစ်ခြင်းဖွဲ့ဝတ္ထုများကိုလည်း ဖတ်ရှုခွင့်ရခဲ့ပြန်သည်။ ရေးနိုင်လိုက်ကြတာ၊ ရေးတတ်လိုက်ကြ တာဟုပင် ကျွန်တော့်မှာ ဖတ်ရင်းဖြင့် တဖွဖွသဘောတကျ ဖြစ်နေရတော့၏ ။ နှစ်ဦး စလုံးက သူတို့ တည်ဆောက်ထားသော ဇာတ်လမ်းအပေါ် မူတည်၍ ရေးဟန်အသွက်၊ အလေး၊ လေသံ အဖော့၊ အဖိ စသည်ဖြင့် ရေးတတ်သလောက်၊ ရေးနိုင်သလောက် ထုတ်ဖော်ရေးသားတာကို မြင်ရခြင်းဖြင့် ရေးတတ်သလောက်၊ ရေးနိုင်သလောက် ထုတ်ဖော်ရေးသားတာကို မြင်ရခြင်းဖြင့် သူတို့၏ ကြိုးစား အားထုတ်မှုကိုလည်း အသိအမှတ်မပြုဘဲ မနေနိုင် ဖြစ်ရသည်။

## (လေး)

ကျွန်တော့် စာသည်လည်းအတော်ရှည်ပါပြီ။ စာပေပညာရှင်တစ်ဦး

မဟုတ်သဖြင့် သူတို့၏ စာများအပေါ် မည်သို့မျှ ဝေဖန်မှု၊ ထောက်ပြမှု မပြုနိုင်၊ မပြုလိုသော်လည်း ချစ်ခင်ရသော ညီငယ်၊ ညီမငယ်တို့အတွက် အမှတ်တရအနေဖြင့် လေးလေးနက်နက်မျှော်လင့် ဆုတောင်းမိ ပါသည်။ နတ်ရဲ့ (ရူပဗေဒ)နှင့် ဆုဂျေတို့၏ ယခုထုတ်ဝေသော စာအုပ်ကလေး အောင်မြင်ပါစေဟု ဆုတောင်းရသလို၊ တစ်ခါတည်း“ပေါက်” စာရင်း ဝင်မသွားသည့်တိုင်အောင်၊ သူတို့ ဆက်လက် လျှောက်လှမ်းသွားမည့် စာပေတံတားကြီးအတွက် ဤစာအုပ်ကလေးသည် ခိုင်မာသော အခြေခံ အုတ်မြစ်တစ်ခု ဖြစ်သွားလိမ့်မည်ဟု မျှော်လင့်နေမိပါသည်။

**သူရဿဝါ**

**ဩဂုတ်(၂၉)၊ (၂၀၁၃)ခုနှစ်**

**နံနက်(၁)နာရီ(၃၂)မိနစ်**

***

## မိကျွဲ...

နေဝါကျော်(ပုသိမ်)

သူမ ခြေဖျားလက်ဖျားတွေ
အေးစက်လာခဲ့သည်။
ရှက်ရွံ့သိမ်ငယ်မှုကလည်း
နေရာအနှံ့မှ တိုးဝင်လာခဲ့၏။
နီလာခက်၏ ဒေါသထန်သည့်
အကြည့်ကိုလည်း
သူမ ကြောက်လှပါပြီ။
ဖြစ်နိုင်လျှင် ထိုနေရာမှ
သူမထွက်ပြေးသွားချင်မိသည်။
သို့သော် အေးစက်ဆွံ့အစွာ
သူမ ရပ်နေမိဆဲဖြစ်၏။



## (၁)

သူမနာမည်အရင်းက ချစ်သဲနု ဖြစ်သည်။ သို့သော် လူတိုင်းက သူမကို `မိရွှေအ' ဟုခေါ်ကြ၏ ထိုသို့ခေါ်ရသည့် အကြောင်းအရင်းက သူမ စကားမပြောတတ်သောကြောင့် ဖြစ်သည်။ သူမ လူ့လောကသို့ ရောက်လာရန် သူမ အမေက အသက်ချင်းလဲပေးခဲ့ရ၏ ။ ထို့ကြောင့် မွေးရာပါ ဆွံ့အ ဝေဒနာသည်လေး ဖြစ်သည့် သူမကို အဖေက သနားစိတ်နှင့် အချစ်ပိုခဲ့လေသည်။

သူမ ဆယ်နှစ်သမီးအရွယ်တွင် လယ်ထဲသွားသည့်အဖေက ပိုးထိကာ ကွယ်လွန်သွား ခဲ့သည်။ ထိုအချိန်ကစပြီး သူမဘဝ ငရဲကျခဲ့ခြင်းဖြစ်၏ ။ ငိုကြွေးခြင်းမှလွဲ၍ လောကကြီးအကြောင်း မသိသေးသည့် သူမကို သူမကို တာဝန်ယူမည့်သူမရှိ။ နွေးထွေးယုယမည့်သူဟူ၍ ဗလာနတ္ထိ။

သို့သော် သူမအတွက် အလှည့်အပြောင်းတစ်ခု ကြုံလာခဲ့၏ ။ မြို့ကလာသည့် မိန်းမကြီးတစ်ယောက်က သူမကို မွေးစားမည်တဲ့။ သူမကို မွေးစားမည့်ကိစ္စအတွက် တားမြစ် ကန့်ကွက် မည့်သူ တစ်ယောက်မျှမရှိ။ သူမကို ခဏလေး ခေါ်ထားရသည့် ဒေါ်ထားစိန် ကလည်း ဝမ်းသာအားရပင် ထည့်လိုက်၏ ။ ထိုအချိန်ကစပြီး ယိုင်နဲ့နဲ့တဲအိမ်လေးနှင့် ရွာကလေးကို သူမ အပြီးအပိုင် ခွဲခွာခဲ့ရလေသည်။

မိန်းမကြီးခေါ်ဆောင်လာသော မြို့ကြီးသို့စရောက်စဉ်က သူမအရမ်းပျော်ရွှင်ခဲ့ရ၏ ။ မိန်းမ ကြီးက သူမကို အဝတ်အစားတွေဝယ်ပေးသည်။ မုန့်တွေလည်း ဝယ်ကျွေးသည်။ သူစိမ်းမိန်းမ တစ်ယောက်၏ လက်ထဲတွင် သူမ မိုးမမြင်လေမမြင် ပျော်ရွှင်ခဲ့ရသည်။ သို့သော် သူမ ပျော်ရွှင်ရသည့်အချိန်က အခိုက်အတန့် ကလေး မျှသာဖြစ်၏ ။ တစ်နေ့တွင် မိန်းမကြီးက သူမကို အလွန်ကြီးကျယ်ခမ်းနားသည့် အိမ်ကြီးသို့ ခေါ်ဆောင်လာခဲ့၏ ။ နန်းတော်ကြီးတမျှ လှပလွန်းသော အိမ်ကြီးကို ကြည့်ပြီး သူမ အရမ်းပျော်ရွှင်ခဲ့ရ၏ ။

သူမတို့ အိမ်ကြီးထဲသို့ ရောက်သွားသည့်အချိန်မှာတော့ မျက်နှာထားတင်းမာသည့် မိန်းမကြီး တစ်ယောက်နှင့် မိန်းကလေးတစ်ယောက်ကို တွေ့ရ၏ ။ မိန်းကလေးမှာ သူမနှင့် အရွယ်တူလောက်ပင်ဖြစ်၏ ။ သို့သော် မျက်နှာထားမှာ အသက်အရွယ်နှင့် မလိုက်ဖက်အောင် တင်းမာလွန်းလှသည်။ သူမသည်ပင် ထိုမိန်းကလေးကို မျက်လုံးချင်းဆိုင်ပြီး မကြည့်ရချေ။ သူမကို ခေါ်လာသော မိန်းမကြီးက ခုံပေါ်တွင် ဝင်ထိုင်လိုက်ပြီး သူမကတော့ တဖိတ်ဖိတ်အရောင် တောက်နေသည့် ကြမ်းခင်းပေါ်တွင် ထိုင်ရလေသည်။

"နင်ပြောတာ ဒီကောင်မလေးလား ခင်စိန်"

"ဟုတ်ပါတယ် မမကြီး"

"နောက်ကြောင်းရော ရှင်းရဲ့လား၊ ရှုပ်ရှုပ်ယှက်ယှက်တွေ မကြိုက်ဘူးနော်၊ ငါတို့က တစ်သက်လုံး လက်သပ့်မွေးထားရမှာ"

"အဲဒီ အတွက်တော့စိတ်ချပါ မမကြီး၊ မိဘအသိုင်းအဝိုင်း မရှိရှာတဲ့ တစ်ကောင်ကြွက်ပါ၊ ပြီးတော့ ဒီကောင်မလေးက စကားမပြောတတ်ပါဘူး"

မိန်းမကြီးတို့သည် သူမကို ဂရုမစိုက်ဘဲ စကားပြောနေကြသည်။ မိန်းမကြီးတို့၏ အကြည့်တို့ကလည်း သူမထံသို့ မကြာမကြာရောက်လာလေသည်။ သို့သော် သူတို့ပြောစကား များကို သူမ စိတ်မဝင်စားအားချေ။ လှပသော အိမ်ကြီးကိုသာ သူမ ငေးမောကြည့်နေမိခဲ့သည်။

"အ, နေတော့လည်းကောင်းတာပေ့ါ၊ စကားရှုပ်တာတွေလည်း မရှိတော့ဘူး၊ ရော့ ...ဒီလောက်ဆိုအဆင်ပြေလား"

"ဟုတ်ကဲ့ အဆင်ပြေပါတယ် မမကြီး၊ ဒါဆို ခင်စိန် သွားမယ်နော်"

ခဏကြာသော အခါ သူမကိုခေါ်လာသည့် မိန်းမကြီးက ငွေတစ်ထပ်ကို ယူ၍ ထွက်သွား လေသည်။ သူမကို တစ်ချက်မျှပင်ငေးကြည့်မသွားခဲ့ပါ။

သူမတစ်ယောက်တည်းသာ ယောင်ချာချာ နှင့် ကျန်ရစ်ခဲ့သည်။ ခဏလေးအတွင်းမှာပင်ကြောက်စိတ်က နေရာအနှံ့စီးဝင်ခဲ့သည်။ သူမ တစ်ယောက်တည်း ဒီအိမ်ကြီးတွင် ကျန်ခဲ့ပြီဆိုသည့်အသိနှင့် သူမငိုမိလေသည်။

"ဒေါ်ဇာယု..."

"ဟုတ်ကဲ့ပါ မမကြီး"

ခေါ်သံအဆုံးတွင် အိမ်ကြီးထဲတွင် ပိန်လှီပါးလှပ်ပြီး အလွန်ရုပ်ဆိုးသည့် မိန်းမကြီး တစ်ယောက်ထွက်လာသည်။ ဒေါ်ဇာယုဆိုသည့် မိန်းမကြီးကိုမြင်သောအခါ သူမကြောက်လန့် တကြား ငိုမိပြန်သည်။ ဒေါ်ဇာယု၏ မျက်နှာကြီးမှာ ကျောက်ပေါက်မာများဖြင့် ပြည့်နှက်နေကာ ကြောက်စရာကြီးဖြစ်နေလေသည်။

"ဒီကောင်မလေးကိုခေါ်သွား"

"ဟုတ်ကဲ့ပါ မမကြီး"

ဒေါ်ဇာယုက သူမအား ဆောင့်ဆွဲကာ အခန်းတစ်ခုထဲသို့ ခေါ်သွားခဲ့၏ ။ ထိုအခန်းသည် အိမ်ကြီးနှင့်အလွန်ခြားနားလေသည်။ အမှိုက်သရိုက်များ ပင့်ကူမျှင်များနှင့် ပြည့်နှက်နေကာ အောက်သိုးသိုးအနံ့ပင်ရရှိနေခဲ့၏ ။ ထိုအခန်းကို သူမအချိန်အကြာကြီးရှင်းလင်းခဲ့ရလေသည်။

ထိုအချိန်မှစ၍ သူမအား မွေးစားမည်ဆိုသော မိန်းမကြီးသည် လုံးဝပေါ်မလာတော့ပါ။ သူမသည် ဒေါ်ဇာယု ခိုင်းသည့် အိမ်အလုပ်များကို မနားတမ်းလုပ်ရသည်။ သူမ အလုပ်တစ်ခု မှားယွင်းသွားလျှင် ကြိမ်လုံးနှင့် အရိုက်ခံသည်။ ထမင်းလည်း မစားရတော့ပါ။

သူမသည် အိမ်ကြီး၏ သခင်မဒေါ်မြခက် ခိုင်းသမျှလည်း လုပ်ရသေးသည်။ တစ်ခုမှားယွင်း ခဲ့လျှင် ခေါင်းကို အခေါက်ခံရ၏ ။ သူမက

ဒေါ်မြခက်၏ သမီး နီလာခက်၏ ခိုင်းဖော်ခိုင်းဖတ်လည်း ဖြစ်သေးသည်။ နီလာခက်ကလည်း သူမကို မထင်လျှင် မထင်သလို လက်သည်းဖြင့် ဆိတ်တတ်သေးသည်။ သူမသည် အမှိုက်တောင်းတစ်ခုလို အပြစ်ဟူသမျှစုပုံထည့်ရန် အသုံးဝင်ခဲ့ လေသည်။

နီလာခက်ကို သူမ အရမ်းမုန်းသည်။ ဒေါ်မြခက်နှင့် ဒေါ်ဇာယုကိုလည်း မုန်းသည်။ သည်အိမ်ကြီးကိုလည်း သူမ မုန်းမိသည်။ တစ်နေ့လုံး မနားမနေလုပ်ရပြီးလျှင် သူမ၏ ညစ်သိုးသိုး အခန်းထဲတွင် ငိုကြွေးခဲ့ရသည်။ ငိုကြွေးရင်း မိုးလင်းခဲ့ရသည့်အကြိမ်ပေါင်းကလည်း များလွန်းခဲ့ ပြီဖြစ်သည်။

ဆယ့်နှစ်ရှိခဲ့ပါပြီ...။

သူမဘ၀ သည်အိမ်ကြီးထဲတွင် ငရဲခံခဲ့ရသည်မှာ ဆယ်နှစ်တိတိ ကြာမြင့်ခဲ့ပါပြီ။ အခုဆို သူမအသက် နှစ်ဆယ်ပြည့်ခဲ့ပြီဖြစ်သည်။ ဆယ်နှစ်တာကာလအတွင်း သူမတွင် နာမည်တစ်ခု ထပ်တိုးလာခဲ့သည်။ ထိုနာမည်က `အိမ်ဖော် မိရွှေအ` တဲ့။

## (၂)

အိမ်ကြီးတစ်ခုလုံး လှုပ်ရှားအသက်ဝင်နေခဲ့သည်။ ဒေါ်မြခက်ကိုယ်တိုင်ပင်လျှင် ဂနာမငြိမ် သလို ခြံဝသို့လည်းပင်း ရှည်ထွက်မတတ်ကြည့်နေခဲ့သည်။ နီလာခက်သည်လည်း ရေမိုးချိုး ကာ အခန်းထဲဝင်သွားပြီးကတည်းက ထွက်မလာတော့ပါ။ ဒေါ်ဇာယုနှင့် သူမသည်သာ မနားမနေနှင့် အလုပ်လုပ်နေခဲ့ရသည်။

မနက်စောကြီးကတည်းက အိမ်ကြီးတစ်ခုလုံးကို သူမသန့်ရှင်းရေးလုပ်ရသည်။ ပြီးသည်နှင့် မီးဖိုချောင်ထဲတွင် ဒေါ်ဇာယု

ညွှန်ကြားသည့်အတိုင်း ချက်ပြုတ်ရသည်။ သည်နေ့တော့ သူမ တော်တော်ပင်ပန်းပါသည်။ မနားမနေလုပ်နေရသည်မို့ သူမ ခွေလဲချင်နေပြီဖြစ်သည်။ ဟင်းကလည်း အမယ်ပေါင်းများစွာ ချက်ပြုတ်ရသည်။ ဒေါ်ဇာယုက သူမ လုပ်သမျှ မျက်လုံး ဒေါက်ထောက် ကြည့်နေခဲ့သည်။ သူမလုပ်သမျှ စိတ်တိုင်းကျသည်ဟူ၍ မရှိသော ဒေါ်ဇာယုသည် သူမ တစ်ခုခုမှားသည်နှင့် ခေါင်းခေါက်ရန် အဆင်သင့် ဖြစ်နေခဲ့သည်။

သည်နေ့တော့ ဒေါ်မြခက်တို့အတွက် မင်္ဂလာရှိသောနေ့တစ်နေ့ဟု သူမ ပြောသံကြားမိသည်။ အိမ်သို့ ဧည့်သည်လာမည်တဲ့။ ထိုဧည့်သည်က နီလာခက်နှင့်လက်ထပ်မည့် သတို့သားလောင်းတဲ့။ ဒေါ်မြခက်တို့က တစ်ခုမှ အတိမ်းအစောင်းမခံ။ လိုအပ်သမျှ သူမသာ ဒိုင်ခံလုပ်ပေးရသည်။

ခဏနေတော့ အိမ်ပေါ်ထပ်မှ နီလာခက်ဆင်းလာ၏ ။ သစ်လွင်သည့် အဖိုးတန် အဝတ်အစားများနှင့် လှပနေသည့် နီလာခက်ကို သူမငေးကြည့်နေမိခဲ့သည်။ နီလာခက်၏ တင်းမာခက်ထန်သည့်အကြည့်ကို မြင်လိုက်ရတော့ သူမ မျက်နှာ လွှဲလိုက်မိ၏ ။ နီလာခက်က သူမဆီလျှောက်လာကာ...

"ညည်းကို ပြောထားရဦးမယ်၊ အခုလာမယ့် ဧည့်သည်က ငါ့ခင်ပွန်းလောင်းနော်၊ ဘာတစ်ခုမှ မတိမ်းစောင်းစေနဲ့၊ တစ်ခုခုမှားယွင်းလို့ကတော့ ညည်း သေပြီသာမှတ်"

သူမ ရိုးကျိုးစွာခေါင်းညိတ်ပြလိုက်မိ၏ ။ ထိုစဉ် အိမ်ရှေ့မှ ကားသံကို သူမကြားလိုက် ရသည်။ ဒေါ်မြခက်သို့ ဂမ်းသားအားရပြေးထွက်သွားကြ၏ ။ သူမကတော့ မီးဖိုချောင်ထဲတွင်ပင် လုပ်စရာရှိသည်ကို လုပ်နေလိုက်သည်။

"ဟဲ့ မိရွှေအ...ဘာလုပ်နေတာလဲ၊ အအေးတွေယူသွားလေ"

ဒေါ်ဇာယု၏ အသံကြောင့် သူမ ခပ်မြန်မြန်လေး ခေါင်းညိတ်ပြကာ

အအေးဗန်းကိုယူလျှက် ထွက်လာခဲ့၏။ နီလာခက်တို့၏ မျက်နှာပေါ်တွင် သကာရည်လောင်းထားသလို အပြုံးတို့က ဖိတ်လျှံနေခဲ့၏။ သူမ အအေးကို ချပေးကာ အိမ်ထဲဝင်ရန် ပြင်လိုက်စဉ် ဩည့်သည်ထံမှ စကားသံထွက်လာခဲ့သည်။

“ခဏနေပါဦးကွ…ဒါကမင်းဖျော်ထားတာလား”

ထိုသူ၏ စကားသံအဆုံးတွင် သူမ ထိတ်လန့်တုန်လှုပ်စွာ ခေါင်းညိတ်မိသွား၏။ တစ်ခုခုများမှားလို့လား။ သူမ ဖျော်ထားသည့်အအေးက မကောင်းလို့လား။ ခေါင်းထဲတွင် အချက်ပေးသံများ ဆူညံသွား၏။ သို့သော် သူမ တုန်လှုပ်စွာရပ်နေမိဆဲဖြစ်သည်။ ထိုသူသည် အအေးကိုယူကာ တစ်ငုံသောက်လိုက်၏။ ပြီးနောက် သူမကိုကြည့်ကာ…

“သောက်လို့ကောင်းတယ်၊ ဒါဘယ်လိုဖျော်ထားတာလဲ”

သူမ ထိုသူ့ကို ဘယ်လိုပြန်ဖြေရပ့ါမလဲ။ သူမမှ စကားမပြောတတ်တာ။ သူမ ဖြေဖျား လက်ဖျားတွေ အေးစက်လာခဲ့သည်။ ရှက်ရွံ့သိမ်ငယ်မှုကလည်း နေရာအနှံ့မှ တိုးဝင်လာ ခဲ့၏။ နီလာခက်၏ ဒေါသထန်သည့် အကြည့်ကိုလည်း သူမ ကြောက်လှပါပြီ။ ဖြစ်နိုင်လျှင် ထိုနေရာမှ သူမထွက်ပြေးသွားချင်မိသည်။ သို့သော် အေးစက်ဆွံ့အစွာ သူမရပ်နေမိဆဲဖြစ်၏။

“ကိုမင်းကလည်း၊ သူမစကားမပြောတတ်တာ၊ သူ့နာမည်က မိရွှေအတဲ့၊ နီလာတို့အိမ်က အိမ်ဖော်လေ”

“ဩော်… သနားစရာပဲကွာ”

နေရာအနှံ့မှ တိုးဝင်လာသည့် သိမ်ငယ်မှုများကို တွန်းလှန်းရင်း သူမ တုန်လှုပ်နေမိ၏။ အရှိန်ပြင်းပြင်းစီးကျရန် အားယူနေသည့် မျက်ရည်များကိုလည်း ပုတ်ခတ်ဖယ်ရှားနေမိသည်။ ထိုသူ၏ ဂရုဏာ မျက်ဝန်းကိုကြည့်ပြီး သူမ ဝမ်းနည်းမိသည်။ လောကတွင် သူမကို ကရုနာသက်သည့်သူ ရှိသေးသည်ပဲ။

“ဟဲ… မိရွှေအ၊ မသွားသေးဘဲ ဘာရပ်လုပ်နေတာလဲ၊ ခဏနေ ထမင်းစားမှာ၊ အဆင်သင့် ပြင်ထား”

သူမ ခေါင်းညိတ်ကာလှည့်ထွက်လာခဲ့သည်။ ထိုသူ၏ ကရုဏာမျက်ဝန်းတစ်စုံက သူမအာရုံထဲအထိ ကပ်ငြိပါလာခဲ့၏ ။ ထိုသူသည် နီလာခက်နှင့် လက်ထပ်မည့်သူ။ သူမနှင့် မဆိုင်သော်လည်း နာကျင်နေသည့် နှလုံးသားအတွက် သူမအဖြေမရှာတတ်အောင် ဖြစ်နေမိခဲ့ လေသည်။

## (၃)

သူမတစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေမိသည်။ ဆာလောင်သည့် ဝေဒနာကလည်း သူမကို ခပ်ပြင်းပြင်းနှိပ်စက်နေပြန်သည်။ ညေ့သည်ကို မြူဆွယ်သည်ဟု ဆိုကာ နီလာခက်က သူမကို ထမင်းမကျွေးဘဲပစ်ထားခဲ့သည်။ တကယ်တော့ သူမ ဘာကိုမှ မြူဆွယ်ဖြားယောင်းခြင်းမရှိခဲ့ပါ။ သူမသည် အပြစ်ဟူသမျှ စုပုံထည့်နိုင်သည့် အမှိုက်တောင်းတစ်ခုဖြစ်နေခဲ့သည်လား။

ဒေးမြခက်နှင့် နီလာခက်က မင်္ဂလာဝတ်စုံချုပ်မည်ဟုဆိုကာ ထွက်သွားကြသည်။ ဒေါ်ဇာယူက သူမကို အလုပ်ပေါင်းများစွာနှင့်ထားခဲ့ကာ သွားအိပ်နေပြီထင်သည်။ သူမသည်သာ အလုပ်ဟူသမျှ တစ်ခုပြီးတစ်ခု လုပ်နေခဲ့ရသည်။ ပင်ပန်းသည့်ဒဏ်၊ ဆာလောင်သည့်ဒဏ်တို့နှင့် သူမပျော့ခွေချင်နေပြီဖြစ်သည်။

သို့သော် သူမ အနားမယူရဲပါ။ နီလာခက်တို့ပြန်လာ၍ အလုပ်မပြီးလျှင် သူမပို၍ နာကျင်ရဦးမည်ဖြစ်သည်။ ထို့ကြောင့် ပျော့ခွေလာသည့်စိတ်ကိုတင်းကာ နီလာခက်၏ အခန်းကို သန့်ရှင်းရေးဝင်လုပ်ရပြန်သည်။

“ဘာဖြစ်လို့ငိုနေတာလဲကွ၊ ဟိုသားအမိ နှိပ်စက်ကြပြန်ပြီလား”

အသံမပေးပဲဝင်လာသည့် သူ့ကိုကြည့်ပြီး သူမ ထိတ်လန့်သွားမိ၏ ။ အခန်းထဲတွင် သူမနှင့်သူ နှစ်ယောက်တည်းသာ။ ဒေါ်ဇာယုသာမြင်သွားခဲ့လျှင် သူမဘာဂသွားပြီ၊ နောက်ထပ်သူမ နှိပ်စက်ခံရဦးမည်။ သူမ ခြေဟန်လက်ဟန်ဖြင့် နီလာခက်တို့မရှိကြောင်း သူ့ကိုပြောမိသည်။ သူသည် သူမပြောသမျှကို စိတ်ဝင်စားဟန်မရှိ။ သူမကိုသာ စိတ်မကောင်းသလို ကြည့်နေခဲ့၏ ။

“ကိုယ်သိပါတယ်၊ သူတို့ မင်္ဂလာဝတ်စုံသွားချုပ်နေတာ မဟုတ်လား”

သူမ လျှင်မြန်စွာခေါင်းညိတ်ပြလိုက်မိသည်။ သို့မှသာ သူမြန်မြန် ပြန်သွားပေလိမ့်မည်။ သူမနှင့်သူ အတူရှိနေသည်ကို တစ်ယောက်ယောက်မြင်ခဲ့လျှင် သူမ သက်သာမည်မဟုတ်။ သူ့ကိုလည်း မြန်မြန်ပြန်စေချင်လှပြီဖြစ်သည်။ သို့သော် သူမတွင် သူ့ကိုနှင်လွှတ်ပိုင်ခွင့်မရှိပါ။ သူသည် နီလာခက်နှင့် လက်ထပ်မည့်သတို့သားလောင်း။ ထို့ကြောင့် သူ မြန်မြန်ပြန်သွားပါစေ ဟုသာ သူမ ဆုတောင်းမိသည်။

“အလား အပိုအလုပ်တွေပါကွာ၊ ကိုယ်ကမှ သူ့ကိုလက်ထပ်မယ်လို့ မပြောရသေးတာ၊ ကိုယ်တကယ်ချစ်တာက မင်းကိုပဲ၊ ကိုယ့်ကိုမင်း လက်ထပ်နိုင်မလား”

သူမ မယုံကြည်နိုင်စွာ ခေါင်းကိုခါရမ်းနေမိသည်။ သူမလို စကားမပြောနိုင်သည့် အိမ်ဖော် တစ်ယောက်ကို သူလက်ထပ်မည့်တဲ့။ မဖြစ်နိုင်သော စကားတစ်ခွန်းအတွက် သူမ ရင်မခုန်နိုင်။ ကြောက်ရွံ့ထိတ်လန့်သော စိတ်ဖြင့်သာ သူမ တုန်လှုပ်နေမိသည်။ တစ်စုံတစ်ယောက်က သူမတို့နှစ်ယောက်အား မြင်သွားမည်ကိုသာ သူမကြောက်မိသည်။

“ဘာလဲ…ကိုယ့်ကိုမယုံဘူးလား၊ ကိုယ် မင်းကိုစတွေ့တွေ့ချင်း ချစ်မိခဲ့တာ၊ မင်းကလွဲပြီး ကိုယ် ဘယ်သူ့ကိုမှ လက်မထပ်ဘူး”

သူ့စကားကို သူမခေါင်းခါရင်း လက်တကာကာဖြင့် ငြင်းဆန်နေမိ၏ ။

ထိုစကားလုံးတွေကို သူမကြောက်သည်။ သူမ ဘဝသည် ထိုသို့ အနုအရွ အလှ အပစကားလုံးများအကြား ပျော်ဝင်ခွင့်ရှိသည့် အနေအထားမျိုးမဟုတ်။ သူမသည် ဒုက္ခိတ။ သူမသည် တစ်အိမ်လုံး၏ အောက်ခြေသိမ်းအလုပ်မှန်သမျှလုပ်ရသည့် အိမ်ဖော်တစ်ယောက်။ ဒေါ်မြခက်တို့သားအမိ၏ ကြိုးဆွဲရာ ကနေရသည့် အရုပ်တစ်ရုပ်။ သူမသည် ပင်မြင့်စံဖြစ်ခွင့်မရှိသည့် လူတစ်ယောက်ဖြစ်၏ ။

နောက်ထပ်ဆက်ပြောလာမည့် ထိုသူ၏ စကားလုံးများကို သူမ ကြားရမည်ကို ကြောက်ရွံ့ လာ၏ ။ နီလာခက်တို့ ပြန်ရောက်လာ၍ တွေ့သွားခဲ့လျှင် သူမ သက်သာမည်မဟုတ်။ ထို့ကြောင့် သူ့ရှေ့မှ သူမပြေးထွက်လိုက်မိ၏ ။ သို့သော် သူမ ထွက်ပြေးခွင့်မရလိုက်ပါ။ ထိုသူ၏ လှမ်းဆွဲလိုက်မှုကြောင့် သူမ ဟန်ချက်ပျက် ကာလဲကျသွားခဲ့သည်။ ထိုသူ၏ ရင်ခွင်ထဲသို့ သူမရောက်ရှိသွားခဲ့သည်။

ရှက်ရွံ့မှုနှင့် ထိတ်လန့်မှုတို့ပေါင်းဆုံကာ သူမ တုန်လှုပ်သွားမိသည်။ သူစိမ်းယောကျ်ား တစ်ယောက်၏ ရင်ခွင်ထဲတွင် ရှိနေခဲ့သည့်အဖြစ်ကို သူမရှက်မိ၏ ။ ထိုအဖြစ်အား တစ်ယောက်ယောက်မြင်သွားမည်ကိုလည်း သူမကြောက်ရွံ့မိ၏ ။ ထို့ကြောင့် ခေါင်းကို အသေခါရမ်းကာ သူ့အား သနားခံသောအကြည့်ဖြင့်ကြည့်မိ၏ ။ ဂျူးဂျူးဝါးဝါးဖြင့် အော်ဟစ်ရင်း သူ့ကို တောင်းပန်မိ၏ ။

သို့သော် သူမအားဖက်တွယ်ထားသည့် သူ့လက်တွေက ပို၍ တင်းကြပ်လာခဲ့၏ ။ သူမသည် အချိန်မရွေးကြွေလွင့်သွားနိုင်ကြောင်း တုန်လှုပ်စွာသိလိုက်ရ၏ ။ သို့သော် ထိုသူ၏ ကျော့ကွင်းထဲမှ သူမရုန်းထွက်ခွင့်မရခဲ့ပါ။ သူမ၏ ဘဝ အမှောင်ကမ္ဘာထဲသို့ လွင့်စင်သွားခဲ့ရသည်။ ထိုနေ့သည် သူမအတွက် မျက်ရည်များဖြင့် ခင်းကျင်းခဲ့သော ကမ္ဘာပျက်သည့်နေ့ ဖြစ်ခဲ့ရလေသည်။

သူမအတွက် နောက်တစ်ခါ ကမ္ဘာပျက်ရသည့်နေ့က နီလာခက်တို့ လက်ထပ်သည့်နေ့ဖြစ် ၏။ နီလာခက်နှင့်သူ စည်ကားစွာ လက်ထပ်ပွဲ ကျင်းပနေသည့်အချိန်တွင် သူမက ညစ်နွမ်းနေသည့် အခန်းကျဉ်းလေးထဲတွင် ငိုပွဲဆင်နေခဲ့ရသည်။ သူက စကားမတည်ခဲ့ပါ။ တန်ဖိုးမဲ့စကားတစ်ခွန်းနှင့် သူမဘဝ ကြွေပျက်ခဲ့ရသည့်နေ့တစ်နေ့သည် သူ့အတွက် အိပ်မက် တစ်ခု လောက် အရာမထင်ခဲ့ပါ။

သို့သော် သူတို့အိမ်ခွဲနေသည့်အတွက်တော့ သူမ ဖြေသာမိသေးသည်။ နီလာခက်က သူ့အိမ်တွင်လိုက်နေခဲ့သည်။ သူသည် မင်္ဂလာပွဲပြီးကတည်းက သည်အိမ်သို့ရောက်မလာခဲ့ပါ။ သူမကိုတွေ့ရန် သူ တွန့်ဆုတ်နေခြင်း ဖြစ်မည်။ ဒါမှမဟုတ် သူ သတ္တိနည်းနေခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သူရောက်လာခဲ့လျှင်လည်း သူမ ဘာမှလုပ်ပိုင်ခွင့်မရှိပါ။ သူမသည် ဘဝသေနေသည့်အိမ်ဖော်မတစ်ယောက်သာဖြစ်လေသည်။

အခုတလော နီလာခက်က အိမ်သို့ ခပ်စိပ်စိပ်လေး ဝင်ထွက်လာသည်ကိုတွေ့ရ၏။ အရင်က တစ်ခါနှစ်ခါလောက်သာ ရောက်လာတတ်သည်။ အခုတော့ တစ်ပတ်ကို နှစ်ခါသုံးခါမျှ ရောက်လာတတ်၏။ ရောက်လာတိုင်းလည်း မျက်နှာမကောင်းတတ်ပါ။ အမြဲတစေ သားအမိ နှစ်ယောက်အခန်းအောင်းကာ တီးတိုးတိုင်ပင်နေတတ်ကြသည်။ နီလာခက်ပြန်သွားလျှင် ဒေါ်မြခက်ကမျက်နှာ မကောင်းစွာနှင့် ကျန်ရစ်ခဲ့ပြန်သည်။

နီလာခက်တို့ အိမ်ထောင်ရေးအဆင်မပြေမှန်း သူမရိပ်မိပါသည်။ သို့သော် သူမ မသိလိုက် မသိဘာသာပင်နေခဲ့၏။ တစ်နေ့လုံး မနားမနေအလုပ်လုပ်ရခြင်းသည်သာ သူမတာဝန်ဖြစ်သည်။ သူမတွင် အနာဂတ်မရှိပါ။ နိစ္စဓူဝ အလုပ်များနှင့်သာ နှစ်ပါးသွားရင်း သူမတွင် အနာဂတ်ပျောက် နေခဲ့သည်။

တစ်နေ့တော့ နီလာခက်တို့၏ လျှို့ဝှက်ချက်ကို သူမကြားသိခဲ့ရ၏။

နီလာခက်က ဒေါ်မြခက်ကို ငိုယိုကာပြောနေသမျှ သူမ အံ့သြတကြီး နားထောင်နေမိခဲ့လေသည်။

“နီလာတော့ ဒုက္ခရောက်ပြီ အမေရယ်၊ သူက ကလေးယူဖို့ပြောနေတာကြာပြီ...အခုမှ ဆေးစစ်ကြည့်လိုက်တော့ နီလာက ကလေးမရနိုင်ဘူးတဲ့”

“ဘုရားရေ...”

နီလာခက်စကားအဆုံး ဒေါ်မြခက်က ရင်ဘတ်ကိုအသာဖိပြီး ဘုရားတ၏ ။ နီလာခက်က ကိုယ်ဝန်မဆောင်နိုင်သည့် မိန်းမတစ်ယောက်တဲ့။ နီလာခက်ကလေးမရနိုင်ကြောင်းကို သူ မသိဘူးတဲ့။

နီလာခက်၏ ပြဿနာကိုသိပြီး မကြာခင်မှာပင် သူမအတွက် ပြဿနာတစ်ခု ပေါ်လာခဲ့၏ ။ ထိုအဖြစ်အပျက်ကို စတင် သတိထားမိသူက ဒေါ်ဇာယုပင် ဖြစ်လေသည်။

အခုရက်ပိုင်းအတွင်း သူမ စားချင်သောက်ချင်စိတ်မရှိ။ မကြာမကြာ ဆိုသလို သူမ ပျို့အန်နေခဲ့၏ ။ အစားအသောက် ပျက်နေသည့် သူမကို ဒေါ်ဇာယုသတိထားမိလာသည်။ နားလည်သည့် ဒေါ်ဇာယုက သူမအား စမ်းသပ်လိုက်သည် နှင့် လျှို့ဝှက်ချက်တစ်ခုက ဘွားခနဲ ပေါ်လာ၏ ။ သူမတွင် ကိုယ်ဝန်ရှိနေပြီတဲ့။

ဒေါ်ဇာယုကတစ်ဆင့် ဒေါ်မြခက်သိသွားတော့ မိုးမီးလောင်တော့၏ ။ သူမအားရိုက်နှက်ကာ ကလေးအဖေကိုမေး၏ ။ ခေါင်းကိုသာ သူမ အသေခါရမ်းမိ၏ ။ ထိုအခါ စကားမပြောတတ်သည့် အတွက် သူမဝမ်းသာမိခဲ့၏ ။ ဒေါ်မြခက်ရိုက်နှက်သောအခါ ဗိုက်ထဲမှကလေးအားထိခိုက်မိမှာကို သူမ ပူပန်တတ်လာသည်။ သူမတွင် နှောင်တွယ်စရာကြိုးတစ်ချောင်း ရစ်ပတ်လာသည့်အတွက် သူမ တိတ်တဆိတ် ကြည်နူးမိသေး၏ ။ ထိုအတွက်

ဒုက္ခဟူ၍ လည်း သူမ မထင်ရက်ခဲ့ပါ။ ရင်သွေးလေးဟူသော အသိသည်သာ သူမခေါင်းထဲ စူးနစ်ဝင်နေခဲ့သည်။

ထိုအကြောင်းကို အိမ်သို့လာသော နီလာခက် သိသွားခဲ့၏ ။ အံ့သြစရာကောင်း လောက်အောင်ပင် နီလာခက်က တည်ငြိမ်နေခဲ့၏ ။ သူမအား ဆံပင်ဆွဲကာ ရိုက်နှက်မည် ထင်သော်လည်း သူမကို ကရုဏာသက်စွာ ကြည့်နေခဲ့၏ ။ နီလာခက်သည် သူမအား ဖေးမစွာ တွဲထူခဲ့၏ ။ သူမ မယုံနိုင်အောင်ဖြစ်မိသည်။ သူမအပေါ်ထိုသို့ နူးညံ့စွာ ဆက်ဆံလိုက်မည်ဟု အိပ်မက်ပင် မမက်ဖူးခဲ့ချေ။ သို့သော်နီလာခက်က သူမအပေါ် အမှန်တကယ်ပင် ကောင်းလွန်း ခဲ့သည်။

သူမ ကိုယ်ဝန်ရှိကြောင်းသိပြီး နောက်တစ်နေ့တွင် နီလာခက်တွင်လည်း ကိုယ်ဝန်ရှိ ကြောင်း သိခဲ့ရသည်။ ဒါဆို အရင်တစ်ခါက သူမ ကြားသိခဲ့ရသည့် သတင်းက လွဲမှားနေသည်ပေ့ါ။ နီလာခက် ကလေးမရနိုင်ဘူးဆိုသည့်သတင်းက မှားယွင်းမှုတစ်ခုပေ့ါ။ အခုတော့ နီလာခက်လည်း ကိုယ်ဝန်ရှိနေခဲ့ပြီတဲ့။

သူမ ဂမ်းသာပါသည်။ နီလာခက်သည် ကိုယ်ဝန်ရှိပြီးမှ သူမအပေါ်ပို၍ နွေးထွေးလာ ခဲ့သည်။ သူမ၏ ညစ်နွမ်းနွမ်း အခန်းကျဉ်းလေးကနေ သစ်လွင်လှပသည့် အပေါ်ထပ် အခန်းတွင် သူမ ပြောင်းရွှေ့နေခဲ့ရသည်။ သို့သော် သူမ အပြင်သို့ ထွက်ခွင့်မရှိပေ။ အချိန်ပြည့် ထိုအခန်းလေး ထဲတွင်သာ ပြည့်စုံစွာ နေခဲ့ရသည်။

ထိုသို့နေရသည်လည်း သူမအတွက်ကောင်းပါသည်။ နီလာခက်ကိုယ်ဝန်ရှိသည် ဆိုကတည်း က သူလည်း အိမ်သို့ ခပ်စိပ်စိပ်ရောက်လာခဲ့သည်။ ဖြစ်နိုင်လျှင် သူနှင့်မတွေ့သည်က သူမအတွက်ကောင်းပါသည်။ ကလေး၏ အဖေက သူပင်ဖြစ်ကြောင်း သူမ တစ်သက်လုံး ကွယ်ဖုက်ထားရမည်။ ထိုကိစ္စကို သူမ ကလွဲ၍ မည်သူတစ်ဦးတစ်ယောက်မှ မသိစေရ။ သူမ၏ သွေးသားရင်းချာ ကလေး တစ်ယောက်ရှိလာခဲ့ခြင်းကပင် သူမအတွက် ပြည့်စုံလုံလောက်လှပြီ ဖြစ်သည်။

လောကကြီးတွင် သူမ တစ်ယောက်တည်းမဟုတ်တော့ပါ။ သူမတွင် သံယောဇဉ်ကြိုး တစ်ချောင်းတိုးလာပြီဖြစ်သည်။

နီလာခင်က ကိုယ်ဝန်ရှိကတည်းက အိမ်တွင်သာလာနေတော့သည်။ သူ့ယောကျ်ား ကတော့ နီလာခက်အားလာကြည့်ပြီး ပြန်သည်ကများ၏ ။ ထူးဆန်းသည်က ဒေါ်မြခက်သည်ပင် နီလာခက်ထက် သူမကိုပို၍ ဂရုစိုက်သလိုထင်ရ၏ ။ ကိုယ်ဝန်ရှိကတည်းက သူမ အရှင်သခင် တစ်ယောက်လိုနေခဲ့ရ၏ ။ စားချိန်တန်လျှင် အခန်းထဲသို့ အဆင်သင့်ယူလာပေး၏ ။ လိုအပ်သမျှ အားလုံးအဆင်သင့်။ အခုမှ တစ်အိမ်သားလုံး သူမအပေါ်ကောင်းနေကြသည်။

ထိုသို့ နေလာခဲ့ရင်း လျှို့ဝှက်ချက်တစ်ခုကို သူမတွေ့ရပြန်သည်။ အခန်းထဲကနေ အပြင်သို့ မထွက်ရသောသူမသည် စိတ်ကျဉ်းကြပ်လာသဖြင့် အခန်းပြင်သို့ ခိုးထွက်မိ၏ ။ ထိုအခါ အခန်းမှထွက်လာသည့် နီလာခက်ကို တွေ့လိုက်ရ၏ ။ အရင်က သူမနှင့်အပြိုင်စူထွက်နေသည့် နီလာခက်၏ ကိုယ်ဝန်သည် အခုတော့ ပြားကပ်နေခဲ့၏ ။ ဒါဆို နီလာခက်တွင် ကိုယ်ဝန်ရှိသည် ဆိုတာက လိမ်ညာထားခဲ့သည်ပေ့ါ။

စိတ်ရှုပ်ထွေးမှုများစွာဖြင့် သူမ အခန်းထဲပြန်ဝင်လာခဲ့သည်။ နီလာခက်၏ လုပ်ရပ်ကို သူမနားမလည်မိချေ။ ကိုယ်ဝန်မရှိဘဲနှင့် ဘာကြောင့်များ ဟန်ဆောင်ခဲ့ရသလဲ။ အတွေးများစွာဖြင့် သူမ မွန်းကြပ်လာခဲ့၏ ။ ထိုလုပ်ရပ်ကို သူမ၏ အသိဉာဏ်နှင့် တိုင်းထွာ၍ စဉ်းစားမရအောင်ဖြစ်နေ မိခဲ့၏ ။

ခဏကြာသောအခါ အခန်းရှေ့မှ ခြေသံဖွဖွကြားလိုက်ရ၏ ။ ထိုအခါ သူမ ခုတင်ပေါ်တက်ကာ အိပ်ချင်ဟန်ဆောင်နေလိုက်၏ ။ သူမအနားသို့ လူတစ်ယောက်ရောက်လာ ကြောင်း သူမ သိ၏ ။ ခဏနေသောအခါ ထိုသူက ပြန်၍ ထွက်သွား၏ ။ သူမ အသာကြည့်လိုက် သော အခါ ဗိုက်ဖုံးအင်္ကျီဝတ်ထားသော နီလာခက်ကိုတွေ့လိုက်ရသည်။ နီလာခက်၏ ဗိုက်သည် သူမ မြင်ခဲ့သလို

ပြားကပ်ကပ်လေးမဟုတ်ပြန်တော့။ ကိုယ်ဝန်ဆောင် တစ်ယောက်လို ဗိုက်ကလေးက စူထွက်လျှက်ရှိနေခဲ့လေသည်။

## (၅)

ပြင်းထန်းသည့် ဝေဒနာက သူမကို ခပ်ပြင်းပြင်း နှိပ်စက်နေခဲ့သည်။ သို့သော်ထိုဝေဒနာ သည် သူမအတွက် ချိုမြိန်သည့် အားအင်သစ်တစ်ခု ဖြစ်ပေါ်လာစေတော့မည်။ မကြာခင်သူမ၏ နှလုံးသွေးဖြင့် ဖြစ်တည်သော ရင်သွေးလေးကို သူမ ပိုင်ဆိုင်ခွင့်ရတော့မည်။ သူမ နှလုံးသည်းပွတ် နှောင်ကြိုးလေးအတွက် သူမ အံကြိတ်ကာ မာန်တင်းထားခဲ့၏ ။

အခန်းထဲတွင် သူမနှင့်အတူ ဒေါ်မြခက်လည်းရှိ၏ ။ ဒေါ်မြခက်၏ မိသားစုဆရာဝန်နှင့် ဒေါ်ဇာယုလည်း ရှိနေခဲ့၏ ။ ဒေါ်ဇာယုကလိုအပ်သည် မှန်သမျှကို သိမ်းကြုံးလုပ်ပေးနေခဲ့၏ ။ နောက်ထပ်သတင်းတစ်ခုက နီလာခက်လည်း မွေးတော့မည်တဲ့။

ထိုစကားကို သူမ လုံး၀ မယုံကြည်နိုင်ခဲ့ချေ။ နီလာခက်တွင် ကိုယ်ဝန်မရှိကြောင်း သူမသိသည်။ နီလာခက်သာ အမှန်တကယ်မွေးတော့မည်ဆိုလျှင် ဒေါ်မြခက်က သူမအနားတွင် ရှိနေစရာအကြောင်းမရှိပါ။ နီလာခက်အနားတွင်သာရှိသင့်၏ ။ အခုတော့ အားလုံးက သူမမွေးဖွား မည့်ကိစ္စအတွက်သာ ပူပန်နေခဲ့၏ ။

ထိုကိစ္စသည် သူမအတွေးထဲတွင် ကြာရှည်နေရာမယူနိုင်ခဲ့ချေ။ နာကျင်မှုတို့ဖြင့် သူမ အသည်းအသန်ခံစားနေခဲ့ရ၏ ။ သူမတစ်ကိုယ်လုံး အားအင်တွေ ဆုတ်ယုတ်သွားသလို ခံစားရ၏ ။ အမှန်တကယ်ကို နာကျင်လွန်းလှပါသည်။ ရင်သွေးလေးအတွက် သူမ အားတင်းထားသော်လည်း တစ်ခါတလေ မူးမူးမိုက်မိုက် ဖြစ်သွားခဲ့၏ ။ အသိအာရုံသည် အမှောင်ထုနှင့်

နာကျင်မှုကြား လွန်ဆွဲနေခဲ့၏ ။ အဆတစ်ရာမကသော နာကျင်မှုကို ခံစားလိုက်ရပြီးနောက် ဆည်းလည်း သံလေး တစ်ခုကို သူမ ကြားခွင့်ရခဲ့လေသည်။

“အူဝဲ…အူဝဲ…”

ထိုအသံသည် သူမ၏ နာကျင်မှုမှန်သမျှကို စုပ်ယူဝါးမျိုးသွားခဲ့သည်။ စကားမပြောနိုင်သော သူမ၏ နှုတ်ခမ်းတွင် ပီတိအပြုံးတို့က တွဲလွဲခိုကြ၏ ။ သူမ တစ်ကိုယ်လုံးမလှုပ်နိုင်အောင် နုံးခွေနေသည့်ကြားက ကလေးမျက်နှာကို သူမ မြင်တွေ့ချင်နေမိ၏ ။ သို့သော် ထိုဆည်းလည်းသံ လေးသည်ပင် သူမနှင့်တဖြည်းဖြည်း ဝေးကွာသွားသလို ခံစားလိုက်ရ၏ ။ သူမ ဘာကိုမှ သဲကွဲစွာ မမြင်ရ မကြားရတော့ပေ။ နောက်ဆုံးသိလိုက်သည်က အမှောင်ထုက သူမကို သိမ်းကြုံးစုပ်ယူ သွားခဲ့ခြင်းပင်ဖြစ်လေသည်။

သူမ သတိပြန်ရလာသောအခါ သူမ၏ အခန်းဟောင်းလေးထဲသို့ ပြန်ရောက်နေခဲ့သည်။ ညစ်နွမ်းနွမ်းအခန်းလေးက သန့်ရှင်းမည့်သူမရှိသဖြင့် ပင့်ကူမျှင်များ ဖုန်များတက်ကာ ညှီစို့ နံဟောင်နေခဲ့သည်။ သို့သော် ထိုအခန်းကို ရှင်းဖို့အတွက် သူမ စိတ်မဝင်စားပါ။ သူမ၏ ရင်သွေးလေးကိုသာ သူမ တမ်းတနေမိသည်။ ဘယ်မှာလဲ…သူမ၏ ကလေးက သူမအနားတွင် မရှိပါ။ အခုချိန်ဆို ကလေးက နို့ဆာနေတော့မည်။ ကလေးကိုထွေးပွေ့ကာ သူမ နို့ချိုတိုက်ကျွေး ချင်သည်။ သို့သော် အခန်းကျဉ်းလေးထဲတွင် သူမတစ်ယောက်တည်းသာ။

ကလေးကို ဘယ်ခေါ်သွားကြတာလဲ။ သူမ ဆောက်တည်ရာမရစွာ တုန်လှုပ်နေမိ၏ ။ သွေးနုသားနုနှင့် သူမ နွမ်းဖတ်နေခဲ့သော်လည်း ကလေးဆီသို့ သူမပြေးသွားချင်မိ၏ ။ အခန်းတံခါး ကို သူမ ရိုက်ပုတ်ထုနှက်နေခဲ့မိ၏ ။ သို့သော် တံခါးကပွင့်မလာခဲ့ချေ။ အပြင်ဘက်က သော့ခတ် ထားသည့် အခန်းတံခါးသည် သူမကို ဥပေက္ခာပြုကာ ပိတ်လျှက်သား ရှိနေခဲ့၏ ။ သူမ လိပ်ပြာလွင့်မတတ်ကြောက် ရွံ့မိပါသည်။ သူမရင်ဆိုင်နေရသည့် အဖြစ်အပျက်က သွေးပျက် ချောက်ချားစရာ

ကောင်းလွန်းနေခဲ့၏။ သူမ၏ ရှိသမျှခွန်အားဖြင့် တံခါးကိုသာ ထုရိုက်နေမိခဲ့သည်။

"ညည်းတော်သင့်ပြီ မိရွှေအ၊ ညည်းရဲ့ကလေးမရှိတော့ဘူး၊ ညည်းက ကလေးအသေလေး မွေးလာခဲ့တာ"

အခန်းပြင်မှ ဒေါ်မြခက်၏ စကားသံကို သူမသဲကွဲစွာကြားလိုက်ရ၏။ သူမ မယုံနိုင်စွာ ခေါင်းကို ခါရမ်းမိ၏။ သူမ သတိမမေ့ခင်အချိန်လေးအထိ ကလေး၏ အသံကို သူမကြားခဲ့ရ သေးသည်။ သူမ ကလေးမသေပါ။ ကလေးမသေသေးကြောင်း သူမသိသည်။ ထို့ကြောင့် တံခါးကိုထုရိုက်ကာ ဖျူးဖျူးဝါးဝါးဖြင့် သူမအော်ဟစ်မိ၏။ သို့သော် တံခါးကပွင့်မလာခဲ့ပါ။ ဒေါ်မြခက်၏ စကားသံသည်သာ ထွက်လာခဲ့ပြန်၏။

"ညည်းနောက်တစ်ခါ ဆူညံနေရင်တော့ သေပြီသာမှတ်၊ ငါ့သမီးကလေးမွေးပြီးလို့ သွေးနုသားနုမှာ ထိတ်လန့်သွားရင် ညည်းမလွယ်ဘူးနော်၊ ညည်းမသိသေးရင်ပြောပြမယ်၊ ငါ့သမီးက ယောကျ်ားလေးမွေးတယ်"

ပြောပြီးသည်နှင့်လှည့်ထွက်သွားသည့် ခြေသံပြင်းပြင်းက သူမ နှလုံးသားကို နင်းခြေသွားသလိုပင်။ နီလာခက်က ယောကျ်ားလေးမွေးသတဲ့လား။ နီလာခက်တွင် ကိုယ်ဝန်မရှိ ကြောင်း သူမ မသိခဲ့လျှင် ထိုစကားကို သူမ ယုံကြည်မိပါဦးမည်။ အခုတော့ သူမ လုံးဝမယုံကြည်နိုင်။ သူမကလေးကို လုယူရက်သည်။ နီလာခက်ကလေးမရနိုင်ကြောင်း သူသိခဲ့လျှင် အိမ်ထောင်ရေးပြိုကွဲသွားနိုင်သည်တဲ့။ အခုတော့ သူတို့ အိမ်ထောင်ရေး တည်မြဲအောင် အတွက် သူမ၏ ကလေးကို လုယူရက်သည်။

တံခါးကို နာကြည်းစွာ သူမ ထုရိုက်နေမိသည်။ တံခါးသည် ခိုင်မာမှု များစွာဖြင့် ပကတိအတိုင်း ပိတ်နေဆဲပင်။ သူမသည်သာ ခွန်အားတွေမဲ့လာရင်း ထိုနေရာတွင်သာ လဲပြိုကျသွားခဲ့သည်။ သူမ မျက်ဝန်းတွင် ကြေကွဲမျက်ရည်များစွာက စီးကလျှက်...။

“ဂျူး...အူး...ဂျူး...ဂျူး...”

သူမ အော်ဟစ်နေမိသည်။ ကျွန်မကလေးကို ပြန်ပေးကြပါ” ဟူသော စကားက သူမနှုတ်မှ ပြတ်သားစွာထွက်မလာ။ ဂျူးဂျူးဝါးဝါးဖြင့်သာ မသဲကွဲစွာ ထွက်ပေါ်လာခဲ့သည်။ သို့သော် သူမ အော်ဟစ်နေဆဲဖြစ်သည်။ ဘယ်သူမှ နားမလည်နိုင်သော စကားတစ်ခွန်းကိုသာ သူမ ပြောနေခဲ့သည်။ သူမ နှလုံးသားဖြင့်သာ ကြားသိနိုင်သော စကားတစ်ခွန်းကို မမောနိုင်အောင် ပြောနေခဲ့ပြီးသည့်နောက်...။

**နတ်ရဲ (ရူပဗေဒ)**

***

# ပိုးကိုးလ်ပန်း ...

ချစ်ချစ်

ဘုရားစင်သန့်ရှင်းရေးလုပ်တာ
မကြိုက်မရှိဘူးဟေ့။
ငါ့ကို အန်တီခေါ်တာကို မကြိုက်တာလို့
ပြောလိုက်ချင်သား။
ကိုယ့်ဆီက ခွင့်ပြုချက်ရတာနဲ့
တောသူမလေးက
ဘုရားရှိခိုးနေတော့တယ်။
မနက်စောစောစီးစီး
သနပ်ခါးပါးကွက်လေးနဲ့
ဘုရားဝတ်ပြုနေတဲ့
မိန်းကလေးတစ်ယောက်ပုံက
မဆင့် မြင်ကွင်းထဲ
အေးချမ်းလိုက်တာလေး။



## (၁)

"အန်တီ အခန်းလွတ်ရှိသေးလား"

ကိုယ့်ကို အန်တီလာခေါ်တဲ့အသံကြောင့် မဆင့်စိတ်ထဲ နင်တင်တင် ဖြစ်သွားတယ်။ ဒါပေမယ့်လည်း အတွင်းစိတ်နဲ့ ဆန့်ကျင်ဘက် မျက်နှာမှာတော့ သကာရည်ဆယ်ပုံးလောက် လောင်းချထားတဲ့ရုပ် လုပ်ထားရတယ်လေ။ မလုပ်လို့ကလည်း မဖြစ်။ တော်နေကြာ ကိုယ့်ရုပ်က စူပုပ်ပြီး တလောကလုံး ကိုယ့်လုပ်စာ စားတဲ့ရုပ်ဖြစ်နေရင် ဘယ်သူက လာနေချင်ပါတော့မလဲ။ သူတို့ လာမနေတာနဲ့မဆင့် ဘယ်ရေလျှံတော့မလဲလေ။

နောက်ပြီး ဒီထန်းတောရွာမှာက အပြိုင်အဆိုင်တွေက ပေါမှပေါ။ ဘာအလုပ်မှ မရှိတာနဲ့ဘဲ အားအားရှိ အဆောင်လိုက်ဖွင့်နေတဲ့သူတွေက ကန္စွန်းပွဲ အရက်အလကားတောင်းသောက် သူတွေလို ပေါမှပေါ။ မဆင့်တို့လို နှစ်ထပ်တိုက် အကောင်းစားကြီးကို ခန့်ခန့်ညားညား အဆောင်ဖွင့်စားတယ်ဆိုလည်း မပြောလိုပါဘူး။ ခုတော့ ပျဉ်ထောင်အိမ်ကလည်း အဆောင် လိုက်ဖွင့် လိုဖွင့်။ တဲကုပ်သာသာ အိမ်ကလည်း အဆောင်လိုက်ဖွင့်လိုဖွင့်။ အဆောင်ဥပတိရုပ်နဲ့ကို မတူတာ။

ဒါ့ကြောင့်လည်း သင်းတို့တွေ အဆောင်လူမရှိတာပေ့ါ။ မဆင့်တို့ အဆောင်ဆို အဝေးသင်ချိန်များ ပြွတ်သိပ်နေတာ။ အခန်းမရမှာစိုးလို့ဆိုပြီး ဖုန်းနဲ့ ကြိုတင် ဘွတ်ကင်ချိတ် သူတွေ လည်း ဒုနဲ့ဒေး။ အဆောင်ခကတော့ ပုံမှန်ဒေးချိန်ဆို တစ်လ (၄)သောင်းတောင်းတယ်။ အဝေးသင်ချိန်ဆိုရင်တော့လာထား...။ မဆင့်တို့ခွင်ပဲ။ သူတို့လိုအပ်ချက်ပေါ်ကြည့်ပြီး ဈေးခေါ် ပစ်လိုက်တာ။ နောက်ပြီး အဆောင်သူတွေကြားမှာ ဘယ်လိုကဘယ်လို ရေပန်းစား သွားလဲ မသိဘူး။ မဆင့်ရဲ့ မောင့်မပဟေသီ အဆောင်မှာမှ မနေရရင်ကိုဘဲ ခေတ်မမီတော့သလိုကို ဖြစ်နေတာလေ။

မိပေါင်းသား အုပ်ချုပ်ရတာ ဆိုတော့လည်း လွယ်တော့ မလွယ်ဘူးပေါ့။ ဒါပေမယ့်လည်း မလျော့မတင်း စောင်းကြိုးညှင်း ဆိုတာကလည်း ရှိသေးတယ်မလား။ တချို့ကလည်း အိမ်မှာစည်းကမ်းတင်းကျပ်လွန်းတော့ အဆောင်သူဘဝရောက်မှ အပြည့်အဝခံစား ကြရတာ မလား။ ဒီတော့ သူတို့အနေအထားလေးကို ကြည့်ပြီး တင်းတန်တာတင်း၊ လျော့တန်တာလျော့ရ တော့တာပေ့ါ။

“အခန်းလွတ်လား တစ်ခန်းတော့ ကျန်သေးတယ် သမီး”

ကိုယ့်ကို အန်တီတပ်ခေါ်တဲ့ မပုစကူးမကို ရောင်းသူဝယ်သူ အသံတူအောင် သမီးတပ်ခေါ်လိုက်တယ်။ ချိုအီနေတဲ့ မျက်နှာနဲ့ အသံကြောင့်ထင်ရဲ့ ကလေးမက အဆောင်ထဲ ခပ်သွက်သွက် လှမ်းဝင်းလာတယ်။ သူ့ဘေးမှာပါတာက သူ့အဖေထင်ရဲ့။ အမျိုးသမီးဆောင်မို့ `ယောကျာ်းမဝင်ရ` ဆိုတဲ့ အဆောင်စည်းကမ်းကို ခဏတော့ လျစ်လျူရှုထားဦးမှ။ ခုချိန်မှာ မရှုလို့က မဖြစ်ဘူးလေ။ `လူကိုခင်ရင် မူကိုပြင်`ရမှာပဲမလား။ နှစ်ယောက်စလုံးကို အပြုံးတွေ ဖောဖောသီသီကျွေးနေမိတာ ပါးတောင် တော်တော်ညောင်းလာပါရောလား။

“သမီးက ဘယ်နယ်ကလဲ”

အဆောင်သူအသစ်လာတိုင်း မေးနေကျမေးခွန်းကို မဆင့် မေးလိုက်တယ်။

“မေတ္တာရာနယ်...သုံးဆယ်ပေးရွာကပါရှင့်”

သြော်...တောသူလေးကိုး။ ဒ့ါကြောင့်မို့ အခေါ်အပြောမတတ်တာ ထင်ပါရဲ့။ ကိုယ်က `မင်` နေတော့လည်း အပြစ်က မမြင်တော့ဘူးလေ။ ခုမှ ကလေးမလေးကို အကဲခတ်မိတယ်။ ခုခေတ်မှာ ရှာမှရှားနေညပြီဖြစ်တဲ့ အပြင်အဆင်နဲ့။ မဆင့်တို့တောင် ပါးမှာမတင်တော့တဲ့ သနပ်ခါးကို သူက ပါးအပြည့်ပါးကွက်အကြီးကြီး ကွက်ထားတယ်လေ။ ဆံပင်ကိုလည်း ကျစ်ဆံမြီး

နှစ်ဘက်ခွဲကျစ်ထားတယ်။ မှန်းစမ်း…ဆံပင်ကတော်တော်ရှည်တာပဲ။ ထူကလည်းထူ မည်းနက် နေတာနဲ့တော့ ဒီအရှည်လောက်ဆို ဆိုင်ကယ် တစ်စီးလောက်တော့အသားလေးရယ်…။

"အဆောင်ခက တစ်လကို ဘယ်လာက်လဲ အစ်မကြီး"

စိတ်ကူးနဲ့ ကလေးမဆံပင် အတွေးတစ်ပိုင်းတစ်စနဲ့ ရပ်လိုက်ရတယ်။ ကြည့်လုပ်ပုံ…။ သင်းတို့ နှစ်ယောက်လုံး အခေါ်အပြောကို ထောင့်မကျိုးပါလား။ မျက်မှောင်တောင် ကြုတ်ချင်ချင် ဖြစ်နေပြီ။ အပျိုကြီးမို့ ဇီဇာကြောင်တယ်လို့ ပြောချင်လည်း ပြောပါစေ။ ကိုယ့်ထက်ကြီးတဲ့ သူတွေက ကိုယ့်ကို အစ်မခေါ်ရင် နည်းနည်းလေးမှ မကြိုက်။ အသက် (၃၈) နှစ်အရွယ်ဆိုတာ အန်တီခေါ်ရမယ့်အရွယ်လား…။ အစ်မခေါ်ရမယ့်အရွယ်လား…။ ဒီလောက်တော့သိပ္ပေါ့။ တကတည်း…ဟွန်း…။

"တစ်ခ ငါးသောင်းပါ ဦးလေး"

မဆင့်ရဲ့ ဦးလေးခေါ်သံကြောင့်ထင်ရဲ့။ ဟိုကြီးမျက်နှာ မဲ့သွားသလိုပဲ။ မှတ်ထား။ အမြင်ကပ်ကပ်နဲ့ ဈေးကိုလည်း တစ်သောင်းပိုပြောပစ်လိုက်တယ်။

"လေးသောင်းမဟုတ်ဘူးလား အစ်မကြီး… စန္ဒာ့ကိုမေးကြည့်တော့ သူကတစ်လ လေးသောင်း ဆိုလို့"

"အစ်မကြီး အဆောင်မှာနေသွားတဲ့ စန္ဒာလေ။ မတ္တရာသူလေ"

ဟိုလူကြီးပြောမှပဲ မဆင့်မျက်လုံးထဲ စန္ဒာဆိုသူကို မြင်လာတယ်။ အီးမေဂျာ ဒုတိယနှစ် ကျောင်းသူ။ အနေအထိုင်အေးအေးဆေးဆေးနဲ့ စာကိုပဲ အပတ်တကုတ်လုပ်တဲ့သူ။ စန္ဒာ့ အဆက်အသွယ်နဲ့လာတာဆိုတော့ ဒီကလေးမလေးလည်း ထိန်းစရာမလိုတာ သေချာသွားပြီ။

အဆောင်ကို လူများများဝင်စေချင်တာ မှန်ပေမယ့် ပြောမရဆိုမရ

ဆက်စလူးစိန်တွေ ပါလာမှာတော့ မဆင့် အစိုးရိမ်သား။ ကိုယ်ကလည်း အပျိုကြီးဆိုတော့ ယောကျ်ားလေးနဲ့ ကင်းကင်းနေခဲ့တာ။ ကိုယ့်အဆောင်လာတည်းတဲ့ သူတွေကိုလည်း ကိုယ်လိုပဲ ကင်းကင်း နေစေချင်တာတော့ မဆင့်ရဲ့ အတ္တတစ်ခုပဲ။ ယောကျ်ားလေးတွေနဲ့ ထွေးရောယှက်တင်နေပြီး အီစီကလီပြုတုတုတွေဆို မဆင့်တော့ ကြည့်မရပေါင်။

အဲဒီ လို စရိုက်ရှိတဲ့ မိန်းကလေးတွေလာတည်းပြီဆိုရင် မဆင့်နဲ့ တမံတလည်။ ကိုယ်ကလည်း စိတ်ထဲရှိတဲ့အတိုင်း နေထိုင်တတ်တာဆိုတော့ ဟန်ဆောင်ပန်ဆောင်လည်း မပြောတတ်ရေးချာမပြောတတ်။ ကိုယ့်အဆောင်လာနေပြီဆိုကတည်းက သူတို့က ကိုယ့်သားသမီး တွေပဲမလား။ အပျိုးကြီးပေမယ့် မဆင့်တို့က မိန်းမသားလေ။ မိန်းမသားတိုင်းမှာ မိခင်စိတ်က အလိုလိုပါလာပြီးသား။ ခုလိုစည်းနဲ့ ကမ်းနဲ့ ချုပ်နိုင်ခဲ့လို့လည်း `မောင့်မဟေသီ` အဆောင်ဆိုတာ နာမည်ကောင်းတစ်ခုနဲ့ ဒီချိန်ထိ ရပ်တည်နိုင်တာပေ့ါ။

တချို့လွှတ်ထားတဲ့အဆောင်တွေ ရှိပါရဲ့။ တစ်ခဏတော့ ပျော်ကြလေသတည်းပေ့ါ။ နောက်တော့ ပြဿနာပေါင်း သောင်းခြောက်ထောင်နဲ့ နာမည်ပျက်ပါလေရော။ ငှားမယ့်သူမရှိလို့ ပိတ်ပစ်ရတဲ့ အဆောင်ဆိုတာ နည်းတာမှမဟုတ်ဘဲ ။ ဒီထန်းတောရွာဆိုတာကလည်း ရတနာပုံတက္ကသိုလ်ကြီးလာဆောက်တော့မှ အဆောင်အသီးသီးထဖွင့်ကြတာမလား။ အစကဆို ကိုယ့်လယ်အလုပ်ကိုယ်လုပ်ကြတာလေ။ ဦးပိန်တံတား၊ တောင်သမန်အင်းဆိုတာ ရာဇဝင်နဲ့ နာမည်ကြီး ပေမယ့် ဘယ်သူကမှ တစ်ထီးတစ်နန်း အဆောင်ငှားနေတာမှမရှိဘဲ။ ဧည့်သည်တွေ ဆိုတာလည်း မန္တလေးမှာတည်ပြီး နေ့ချင်းပြန်လာလည်ကြတာကများတယ်။

ဒီတော့ အဆောင်စည်းကမ်းနဲ့ ပတ်သက်လာရင် မဆင့်တို့က နည်းနည်းလေးမှ အထိခိုက်မခံနိုင်။ ကိုယ့်စည်းကမ်းမလိုက်နာနိုင်လို့ကတော့

ညောင်းပဲ။ ဒါကြောင့်မို့ထင်ရဲ့။ တချို့အဆောင်သူတွေများဆို `မဆင့်တို့က အဆောင်မငှားခင်က တစ်မျိုး၊ အဆောင်ငှားပြီး တစ်မျိုး` လို့ပြောကြတာနေမှာ။ ပြောလည်း ဂရုမစိုက်ပေါင်။ အဓိကက ကိုယ့်အဆောင်လူလာဖို့၊ နည်းမည်ပျက်မရှိဖို့ဘဲမလား။

“ဟုတ်တယ် ဦးလေး၊ ဒေးသမားတွေကိုက တစ်လ လေးသောင်းယူတယ်... အဝေးသင် သမားတွေကိုတော့ တစ်လ ငါးသောင်းယူတယ်”

“မလျှော့တော့ဘူးလား အစ်မကြီး...ကျုပ်တို့အတွက်က ဝန်လေးနေလို့ပါ”

ရော်...ခက်ရချည့်သေး။ သူများစီးပွားရေးလုပ်နေတာကို တုတ်နဲ့လာထိုးနေတဲ့သူနဲ့ တွေ့နေရတယ်လို့။ ဈေးသည်များမှတ်နေလားမသိဘူး။ လာလျှော့ခိုင်းနေတယ်။ အင်း... ကြည့်ရတာ လည်း ချို့ချို့တဲ့တဲ့ထဲကပါပဲ။ ပညာဒါန ပြုရာရောက်ပါတယ်လေ။ လျှော့ပေးလိုက်ပ့ါ မယ်။

“ဦးလေး ဒါဆို လေးသောင်းခွဲတော့ပေး ဟုတ်ပြီလား၊ ကျွန်မ သနားလို့ လျှော့ပေးတာ နော်... သူများဆို လျှော့တာမဟုတ်ဘူးရယ်”

နောက်ဆုံးတော့ အဆောင်ရှင်နဲ့ အဆောင်ငှားသူ ပြေလည်သွားတယ်။ နေရမယ့် အခန်းသော့ဖွင့်ပေးပြီး အဆောင်စည်းကမ်းကို အရင်ဖတ်ခိုင်းလိုက်တယ်။ အုပ်ထိန်းသူရှေ့ ဆိုတော့ စည်းကမ်းဖတ်ခိုင်းပြီး ဂမ်နင်ပေးတာ နည်းနည်းတော့ ရှိန်သေးတယ်လေ။ မဆင့်ရဲ့ စည်းကမ်းတွေအပြင် ဦးလေးကြီးက အပိုဆာဒါးစည်းကမ်းတွေထည့်ပြီး မှာနေလိုက်တာ ပြီးမပြီးနိုင်ဘူးလေ။ ညက ဂမ်းနှုတ်ဆေးစားထားတာမို့ ဗိုက်က ဇာတိပြချင်ချင်ရယ်။ မအောင့်နိုင် တော့တာမို့ ဦးလေးကြီးကို အဆောင်မှာ ယောကျ်ားလေးဧည့်သည် အချိန်ကြာကြာနေလို့ မရဘူးပြောပြီး နှတ်ပြန်ခိုင်းလိုက်ရတော့တယ်။

(၂)

ဂမ်းဗိုက်ပြဿနာရှင်းပြီးတော့မှပဲ လူက နေရထိုင်ရ တော်တော်လေးပေါ့သွားတယ်။ အခုနက စီးပွားရေးကြောင့်သာ အောင့်အည်းနေရတာ တော်တော်တော့ ဒုက္ခခံလိုက်ရသား။ ဝေဒနာက တစ်ဖက်မို့ ကောင်မလေးနည်မည်တောင် မမေးလိုက်ရဘူးရယ်။ ညကျမှပဲ အရင်ရက်က ရောက်နေတဲ့ အဆောင်သူတွေနဲ့ရောပြီး မိတ်ဆက်ပေးလိုက်မယ်။ ညဘက် ဂစ်တာလာတီးတဲ့ ကိုယယ်တော်တွေနဲ့ ပတ်သက်ပြီး စည်းကမ်းထပ်ထုတ်ရဦးမှာပဲလေ။

"မင်္ဂလာပါ မမကြီး"

အိမ်သာကထွက်လာပြီး ကိုယ့်အတွေးနဲ့ကိုယ် လျှောက်လာတဲ့ မဆင့်နားထဲ အလိုက်သင့်လေး စီးမျောလာတဲ့ ခေါ်သံလေးကြောင့် ပီတိသောမနဿတွေဝေသွားခဲ့တယ်။ ဒီလိုမှပေါ့။ အစက တောသူမနဲ့များ ကွာချက်အေ။ ဗုဒ္ဓေါ…။ နှုတ်ဆက်လာသူကိုကြည့်လိုက်တော့ ဘုရားဘုရား။ သူ့ပုံစံနဲ့တော့ မဆင့်နဲ့ ဖြစ်မှ ဖြစ်ပ့ါမလားမသိ။ အပြောလေးကိုတော့ နှစ်လိုပါရဲ့။ ပုံစံကတော့ ဒုံပျံနေတာပဲ။

ဂျင်းဘောင်းဘီတို ဂမ်းကွာတားလောက်ကို အပေါ်ကအလံလိုလို အင်္ကျီနဲ့ တွဲဝတ်ထားပါ ရောလား။ ခေတ်နဲ့အညီနေတဲ့ မဆင့်တောင် မိန်းကလေးချင်း ကြည့်ရတာ ရှက်သလိုလို မျက်နှာပူသလိုလိုလေ။ မဖြစ်ဘူး မဖြစ်ဘူး။ပုံစံကြည့်ရတာ ပုံမလာဘူး။ ဒီလိုပုံစံလေးကို မဆင့် ဘယ်လိုလုပ်ထိန်းမလဲ။ တော်တော် ကဲလိုက်မယ့်အဖြစ်။ ကိုယ့်အဆောင် နာမည်ပျက်ရချည်ရဲ့။

"မမကြီး…ဘာလို့ခေါင်းရမ်းပြတာလဲဟင်"

အတွေးကနေ အမူအရာကိုကူးသွားတင်ထင်ရဲ့။ မယ်တော်လောက မေးလာမှ အသာပြုံးပြလိုက်မိတယ်။ မျက်စိရှေ့ကကောင်မလေးကို တိတ်တဆိတ်

နာမည်ကောက်ပေးလိုက် မိတယ်။ ဟုတ်တယ်လေ။ မော်ဒယ်(လ်)လို ခပ်ဟော့ဟော့ဆိုမှတော့ မယ်တော်ပေ့ါ။ ဒါတောင် ဂျာနယ်တွေမှာပါပါနေတဲ့ မော်ဒယ်(လ်)တွေလိုချက်ဖော်၊ ဗိုက်ဖော်တွေ ဝတ်မလာသေးဘူး။ နောက်ဆို ဝတ်ချင်ဝတ်နေမှာ ပြောရတာ မဟုတ်ဘူး။အုပ်ထိန်းသူ ဘာညာလည်း ပါတာမဟုတ်ဘူး…။

"ညီမလေးက ဘယ်ကလဲကွဲ့…အဆောင်က ပြည့်နေပြီ… တခြားသွားငှားကြည့်ပါလား"

ဒီမယ်တော်မလေးကို ထားလို့မဖြစ်တာမို့ မဆင့်ပါးစပ်မှ မုသားတချို့ထွက်ကျလာတယ်။ မဆင့်အပြောကို ကောင်မလေးက ဟက်ခနဲ တစ်ချက်ရယ်တယ်။ ညာတာမှန်း သူသိတယ်ပေ့ါလေ…ပုံစံကိုက ထောင့်မကျိုးဘူး။

"မညာပါနဲ့ မမကြီးရယ်…အခုနက ဒီကနေထွက်လာတဲ့ ဦးလေးကြီး တစ်ယောက်ကို မေးပြီးပြီ။ အခန်းလွတ်တွေပေါမှပေါတဲ့"

ဟိုတောသူမရဲ့ ဖခမည်းတော် လက်ချက်မှန်း မဆင့်သိလိုက်ပြီ။ ဘယ့်နှယ် အခန်းလွတ်တွေ ပေါမှပေါလို့ ပြောရပါလိမ့်။ ဘေးအဆောင်တွေ ကြားရင်တောင် မဆင့်တို့ သိက္ခာကျရချည်ရဲ့။ သူ့သမီးနေတဲ့အခန်းက နှစ်ယောက်ခန်းမို့တစ်ယောက်စာပဲလွတ်နေတာ။ သူမြင်ခဲ့တဲ့ အခန်းလွတ်တစ်ခုကလည်း ဘွတ်ကင်ချိတ်ထားပြီးသား။ စိတ်ထဲကနေ ပြန်သွားတဲ့ တောသားကြီးကို မျက်စောင်းလှမ်းခဲလိုက်မိသည်။

"ဘယ့်နှယ် ပေါရမှာလဲကွဲ့…အကုန် ဘွတ်ကင်ချိတ်ထားတာတွေ ချည်းပဲ…တော်နေကြာ ရောက်လာကြတော့မှာ"

ဘယ်လိုမှ မထားချင်တာမို့ ဇွတ်ကို ငြင်းပစ်လိုက်မိတယ်။ မယ်တော် မလေးက တော်တော်နဲ့ ဇွဲမလျှော့ဘူး။ ဒီအဆောင်မှာ မနေရရင်ကိုဘဲ မပြန်တော့မယ့်ပုံ…။

“လုပ်ပါ မမွကြီးရာ…စောစောက လူကြီးသမီးအခန်းမှာတော့ လွတ်တယ်မလား… အဆောင်ခကို သမီးနှစ်ဆပေးမယ်လေ…သမီးအိမ်နဲ့ ကွိုင်လာတာမကြီးရ… အိမ်ပြန်လို့မဖြစ် ဘူး…”

“ညည်းက ဘယ်ကလဲ”

“မန္တလေးက”

ဘုရားရေ…မန္တလေးမှာ နေတဲ့သူက ဘယ့်နဲ့ ရတနာပုံနားက အဆောင်လာငှားပါလိမ့်။ အိမ်နဲ့လည်း ကွိုင်လာတယ်တဲ့။ မိမနိုင်ဖမနိုင်လေးထင်ရဲ့။ မိဘကတောင် မနိုင်မှတော့ မဆင့်လည်း မနိုင်ဖို့က ဟန်ဒွက်ပါစန့်။ ပြောလို့ဆိုလို့ ရမယ့်ပုံလေးလည်းမဟုတ်ဘူး။ တော်ကြာ စည်းကမ်းမလိုက်နာတာကို ဆုံးမလို့ ကိုယ့်ကို ပြန်အော်ရင် အဆောင်သူတွေကြား အရှက်ကွဲရချည်ရဲ့။

“မမကြီးရယ်…ထားပါနော်…သမီးရှိုကြီးခိုးပါရဲ့…သမီးကို ဒီအဆောင်ပဲ နေရမယ်လို့ မှာလိုက်လို့ပါ… မမကြီးအဆောင်က စည်းကမ်းလည်းကြီးတယ်တဲ့”

ကိုယ့်အဆောင်ကို အမွန်းတင်နေပြန်တော့လည်း စိတ်က ကျေနပ်မိသလိုလို။ ဘယ်သူကများ နေဖို့မှာလိုက်တာပါလိမ့်။ သူ့မိဘတွေပဲနေမှာပေ့ါ။ စည်းကမ်းကြီးတယ်ဆိုပြီးလည်း သိထားသေးတယ်။ ဒါဆိုမဆိုးလောက်သေးဘူး။ အဆောင်ခလည်း နှစ်ဆပေးမယ်တဲ့။ အလကားနေရင်း နှစ်ယောက်စာတောင်ရမှာ…။ လက်ခံလိုက်တာ ကောင်းပါတယ်လေ။ နောက်တော့မှ စည်းကမ်းမလိုက်နာရင် ညှောင်းပေ့ါ။

“ကဲပါ ဒီလောက်တောင်းပန်နေတော့လည်း အားနာလာပြီ။ သူများနေရာကို နေခိုင်းရမှာ နော်။ အဆောင်ခကို ညည်းပြောသလို နှစ်ဆတော့ပေးရမယ်…ဒါမှ ကျုပ်မျက်နှာပျက်ရတာ တန်မယ်”

“အိုခေ အိုခေ အေးဆေးမမကြီး…နေရရင်ပြီးပြီ… ဘယ်လောက်တောင်းတောင်း”

ပြောပြောဆိုဆို မယ်တော်မလေးက မဆင့်ပါးကို ရွတ်ခနဲ နမ်းလိုက်တယ်။ ဘုရားရေ… ယင်ဖိုတောင် မသမ်းဖူးတဲ့ပါး သင်းနဲ့ကျမှ ခက်ရချည်ရဲ့။ တော်တော့်ကို မလွယ်တဲ့ဟာမလေး။ ခုမမြင်တဲ့သူကို ဆက်ဆံတာကလည်း ရဲတင်းလိုက်တာ မပြောပါနဲ့တော့။

အစက တောသူမလေး အခန်းထဲ ထားလိုက်တာ ကောင်းပါတယ်လေ။ ဒါမှ ဆန့်ကျင်ဘက်နှစ်ယောက် သူငယ်ချင်းတွေဖြစ်သွားရင် အကဲမလေးကို အနုံမလေးက ထိန်းတန်ထိန်းနိုင်မှာ။ ကိုယ့်အတွေးနဲ့ကိုယ် မှန်နေတာမို့ သဘောတကျ ပြုံးလိုက်မိတယ်။

“မမကြီးက ပြုံးရင်သိပ်ကျက်သရေရှိတာ…သမီး မိထွေးများဆို… မျက်နှာရှစ်ခေါက်ချိုးနဲ့ မြင်ရတာ ငွမ်းချက်”

ဘုရားရေ…။ ဒီကလေးမနဲ့တော့ ဘုရားတရတာ နဲ့တင် မဆင့်တို့ ကုသိုလ်တော်တော် ရနေပြီ။ စကားပြောတာကလည်း သိပ်အသစ်အဆန်းထွင်ချက်။ ခုခေတ်မိန်းကလေးတွေများ စကားအသစ်အဆန်းတွေ ထွင်နိုင်လွန်းတာများ မြန်မာစာပါမောက္ခတောင် အရှုံးပေးရတော့မလို။

## (၃)

“အပျိုကြီး တကယ်လုပ်မှာလား xxx အားကျမခံ လူပျိုကြီးပဲ လုပ်တော့မယ်

ဟောဟော…စလာပါပြီ။ အဆောင်သူ အသစ်တွေရောက်ပြီဆို သင်းတို့အဖွဲ့ ရောက်လာပြီ။ နောက်ပြီး မထိခလုတ် ထိခလုတ်နဲ့ မဆင့်ကိုလည်း စောင်းဆိုလေရဲ့။ ကြိုက်မယ့်သူမရှိလို့ ယောကျ်ားမယူတာများ မှတ်နေလားမသိ။ မဆင့်တို့က ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်လို့ကို တစ်ယောက်တည်းရပ်နေတာ။

ယောက်ျားများ ဟောတစ်ယောက် ဟောတစ်ယောက် ခေါင်းခေါက်ပြီးတောင် ယူလို့ရတယ်။

တချို့များ တိုးတိုးတစ်ဖုံ ကျယ်ကျယ်တစ်မျိုးစောင်းပြောကြသေးရဲ့။ ဘာတဲ့…။ ဥတစ်လုံး။ တစ်ကောင်ကွက် အပျိုကြီး အသက်ကြီးမှ သိမယ်တဲ့။ တစ်ယောက်တည်း ပြုစုမယ့်သူကမရှိနဲ့ အဲ့ကျမှ ယောက်ျားမယူမိတာမှားပါပြီ အော်မှာ သေချာတယ်တဲ့လေ။ အူလှိုက် သည်းလှိုက်ကို ရယ်ချင်မိရဲ့။ မဆင့်တို့က မိဘတွေ မရှိကတည်းက ကိုယ့်ဘဝကိုယ်ကျောင်းလာတာ။ အမည်းစက် တစ်ခု မရှိခဲ့ဘူး။ လူဆိုတာ ကိုယ့်ကံနဲ့ ကိုယ်လာတာဆိုတာ သင်းတို့မသိလို့ ပြောနေတာလေ အလကား ဥပုသ်နေ့ဘုန်းကြီးကျောင်းသွား ပုတီးတကားကားနဲ့ တရားမရှိတဲ့ဟာကွ။

“ဂျိုင်း”

တံခါးကိုစောင့်ပိတ်ပစ်လိုက်တယ်။

“တို့မကြီးကတော့ အားပေးကြမ်းတယ်ဝေ့…ကိုယ်တို့ကလည်း ဒီလိုမျိုး အထာလေးတွေမှ ဆိုပြချင်တာ…အဟမ်း…အဟမ်း…ဟဲလို… လက်စတင်…ဂမ်း… တူး…တတိယ…ဖိုး…”

“ဟား ဟား ဟား”

သူတို့ဘာသာပြောသူတို့ဘာသာ သဘောကျရယ်နေလေရဲ့။ လူငယ်တွေဆိုတော့လည်း ပျော်ချင်တယ်ထင်ပါရဲ့။ မဆင့်က ဒီလိုဆိုတော့လည်း နားလည်ပေးတတ်သား။ အဆောင် စည်းကမ်း အရ အရောမဝင်တာ မဝင်တာဘဲ။ ယောက်ျားလေးသဘာဝ လွတ်လွတ်လပ်လပ် နေတာ ဘာမှ မပြောလိုပါဘူး။ ဒါကြောင့်မို့လည်း နှင်ထုတ်တာမျိုးတော့ ဘယ်တော့မှမလုပ်။ ကိုယ့်စည်းနဲ့ ကိုယ်သာ လုံအောင်နေတာ။ ကိုယ့်အဆောင်သူတွေကိုသာ ကိုယ်အုပ်ချုပ်တာလေ။

အဆောင်တံခါးပိတ်ပြီး နေ့လယ်က အသစ်စက်စက် ရောက်လာတဲ့

အဆောင်သူ အသစ်နှစ်ယောက်အခန်းထဲ ဝင်လာခဲ့မိတယ်။ တောသူမက ခုတင်ပေါ်အသာလှဲပြီး တရားစာအုပ် ဖတ်နေတယ်။ မယ်တော်မကတော့ မှန်ပြတင်းကနေတစ်ဆင့် အဆောင်ရှေ့က ခဲမလောက် တီးဝိုင်းကို ချောင်းကြည့်နေတယ်။

"အဟမ်း အဟမ်း"

ချောင်းဟန့်သံအချက်ပေးလိုက်တော့မှ မယ်တော်ချောက သူခိုးလူမိသွားသလို ဟီးခနဲ အရှက်ပြေရယ်ပြတယ်။ ပြန်မရယ်ပြပါဘူး။ မျက်နှာကြောကို တင်းထားလိုက်တယ်။ တော်ကြာ ရောလွန်းရင် ရောင့်တက်နေမှဖြင့်။ တောသူမကတော့ အိပ်ရာထဲလှဲပြီး စာဖတ်နေရာကနေ ငုတ်တုတ်ထိုင်တယ်။

"သမီးတို့ကို အစ်မ အဆောင်စည်းကမ်းပြောပြချင်လို့ ဝင်လာတာ"

"ဟုတ်ကဲ့မမကြီး ပြောပါ"

ခုမှပဲ မရွှေချောတို့နာမည်သေချာမေးကြည့်မိတယ်။ တောသူမ၊ မယ်တော်မနဲ့ ကိုယ့်ဘာသာ နာမည်ပေးထားတာ သင်းတို့များသိရင် အဆောင်ကနေခုချက်ချင်းတောင် ဆင်းမလားမသိ။ တောသူမ နာမည်က ခင်ငုံတဲ့။ သူ့ကိုယ်သူ အငုံကလေ အငုံကလေနဲ့ပြောတယ်။ မယ်တော်မ နာမည်က အော့ခစ်တဲ့။ ဘယ့်နဲ့ဘိုနာမည်ကြီး ဖြစ်နေရပါလိမ့်။ ခေါ်ရတာ ခက်ချက်။ အိမ်နာမည်က ပန်စီဆိုလား။ သူ့ကိုယ်သူတော့ တစ်ချက်တစ်ချက် ပန်ပန်ကလေနဲ့ ထည့်ပြောတယ်။

"သမီးတို့ အစ်မ အဆောင်အကြောင်းလည်း သိသင့်သလောက် သိပြီးရောပေ့ါ။ အဆက်အသွယ်အသီးသီးနဲ့လာတာဆိုတော့။ အစ်မက အဆောင်စည်းကမ်းနဲ့ပတ်သက်လာရင် မရဘူး...။ တင်းကျပ်တယ်။ ဒါကလည်း သမီးတို့အတွက်ပါပဲ။ တစ်နှစ်ပဲနေနေ၊ တစ်လပဲနေနေ၊ တစ်နာရီပဲနေနေ အစ်မအဆောင်ကို နေဖို့ရောက်လာတဲ့သူတိုင်းကို အစ်မရဲ့ သမီးတွေလို အစ်မက

သဘောထားတယ်။ ဒ့ါကြောင့် အမြင်မတော်တာရှိရင် စိတ်ထဲမထားတတ်ဘူး။ ပွင့်ပွင့်လင်းလင်းဆူတယ်။ ပြောတယ်။ မနာခံရင် အဆောင်မှာ မထားဘူး။ ဒီတော့ အထူးမှာချင်တာက မိန်းကလေးရှိတဲ့အဆောင်ဆိုတော့ ယောကျ်ားလေးတွေ စိတ်ဝင်စားမှာ အမှန်ပဲ။ ဒ့ါကြောင့် ညဘက် သီချင်းလာဆိုတဲ့အခါကျရင် မိန်းမသားတစ်ယောက်စောင့်ထိန်း အပ်တဲ့စည်းနဲ့ သိက္ခာကို တန်ဖိုးထားတဲ့အနေနဲ့ အခုနကလိုမျိုးချောင်းကြည့်တာတွေ၊ သီချင်းတောင်းတာတွေ၊ လက်ဖက်သုပ်ခိုးကျွေးတာတွေ မလုပ်ပါနဲ့…အစ်မ လုံးဝလက်မခံပါဘူး”

စကားအရှည်ကြီး ပြောလိုက်ရတာ မို့ မောမောနဲ့ ခဏနားရင်း မဆင့်ဟိုမန်းကလေး နှစ်ယောက်ကို အကဲခတ်လိုက်တယ်။ မယ်တော်မလေးက ခေါင်းတညိတ်ညိတ်နဲ့ တောသူမလေး ကတော့ မျက်လုံးလေးပေကလပ် ပေကလပ်နဲ့။ အင်းလေ…။ အဓိကက ဟို မယ်တော်မပဲ။ သူ့ကိုစိတ်မချတာ…။ ဝတ်ပုံစားပုံကလည်း ရဲတင်းလွန်းပါဘိနဲ့။ ခုပဲကြည့်လေ…မဆင့်မကြိုက်တဲ့ အပြုအမူကို စစချင်းချိုးဖောက်တာ သူပဲ။ ထားပါတော့ ဒီတစ်ခါတော့။ မပြောရသေးလို့ဆိုတော့ ခွင့်လွှတ်လိုက်မယ်။ နောက်တစ်ခါဆိုရင်တော့ ခွင့်မလွှတ်ဘူးမှတ်။

## (၄)

တောသူမလေးက မိန်းမပီသချက်။ မနက်စောစောကြီး မဆင့်တောင် မထသေးဘူး။ ထမင်းအိုးကကျက်ပြီ။ သူ့မှာပါလာတဲ့ အခြောက်အခြမ်းကြောလေးရယ် အဆောင်ရှေ့ လာရောင်းတဲ့ အကြော်သည်ဆီက အကြော်ပူပူနွေးနွေးရယ်နဲ့ ဘုရားဆွမ်းတော်တောင် တင်ထားသေး။ ဘုရားအိုးတွေထဲထားပြီး သောက်တော်ရေချမ်းလည်း ကပ်ထားပုံပေါ်တယ်။ ခါတိုင်း မဆင့်နိုးမှ လုပ်နေကျ ဘုရားဝေယျာဝစ္စတွေကို တောသူမလေးက အကုန်လုပ်ထား

ပြီးပြီလေ။ စိတ်ထဲကနေ ကျိတ်ပြီး အမှတ်ပေးလိုက်မိတယ်။ ဟိုမယ်တော်မနဲ့တော့ကွာချက်။

သင်းကတော့ ညက ဘယ်ချိန်အိပ်တယ်မသိ။ နေဖင်ထိုးတော့မယ် ခုထိမထသေးဘူး။ နေမြင့်မှ အိပ်ရာထရင် အဆောင်လာဘ်ပိတ်မှာလည်း စိုးရတယ်။ မဖြစ်သေးပါဘူး။ နောက်ရက် ပြောထားဦးမှ။ စည်းကမ်းချက်ထဲ အသစ်ထပ်ထည့်တာကောင်းတယ်။

"အန်တီ သမီးဘုရားစင်သန့်ရှင်းရေး လုပ်ထားတယ်နော်... အန်တီကြိုက်ရဲ့လားမသိဘူး"

"မကြိုက်ဘယ်ရှိမလဲကွယ်...အန်တီက သမီးကို စိတ်ထဲကတောင် ချီးကျူးနေတာ"

ဘုရားစင်သန့်ရှင်းရေးလုပ်တာ မကြိုက်မရှိဘူးဟေ့...။ ငါ့ကို အန်တီခေါ်တာကို မကြိုက်တာ လို့ ပြောလိုက်ချင်သား။ ကိုယ့်ဆီက ခွင့်ပြုချက်ရတာနဲ့ တောသူမလေးက ဘုရားရှိခိုး နေတော့ တယ်။ မနက်စောစောစီးစီး သနပ်ခါးပါးကွက်လေးနဲ့ ဘုရားဝတ်ပြုနေတဲ့ မိန်းကလေး တစ်ယောက်ပုံက မဆင့် မြင်ကွင်းထဲ အေးချမ်းလိုက်တာလေ။

မနက်ထမင်းကြမ်းကို အကြော်ရယ်၊ ခရမ်းချဉ်သီးထောင်းရယ်နဲ့ စားနေတုန်းကျမှ အိပ်ပုပ် မယ်တော်က နိုးလာတော်မူတယ်။

"စောစောစီးစီး ထမင်းတောင် စားနေပါလား" တဲ့လေ။ သူခိုးက လူပြန်ဟစ်လို့၊ အချိန်မှားပြီး ထလာတာ ဘယ်သူလဲ။ သူသာ နေ့နဲ့ည မှားလာနေတာ။ မိန်းကလေးဖြစ်ပြီး တစ်စက်ကလေးမှ အပိုးကမကျိုး။ လခနှစ်ဆပေးနေလို့သာမက်ပြီး လက်ခံလိုက်ရတာ ။ နည်းနည်း လေး မှ ထောင့်မကျိုးဘူးရယ်။

မယ်တော်မလေး အဆောင်ရောက်ပြီးတစ်ရက်မကြာပါဘူး။

ကိုယ်တော်ချောတွေက မဆင့်အဆောင်နား ရစ်သီရစ်သီလုပ်လာကြတယ်။ တစ်ဆောင်လုံးမှာမှ အလန်းလွန် အလွန်လန်း နေတာရယ်…နောက်ပြီး ဒီထန်းတောရွာမှာက သူ့လို ဒီဇိုင်းက ခပ်ရှားရှားရယ်လေ။ အများအားဖြင့်က သူ့လို ဖလန်းဖလန်းမတွေက မိန်းထဲက အဆောင်တွေမှာ နေကြတာမလား။ ဒီတော့လည်း အမောင်ကျောင်းသားတို့ မျက်စိအစာကျွေးတော်မူပြီပေ့ါ။ သူတို့မျက်စိအစာ ကျွေးတာ အရေးမကြီးဘူး။ မဆင့်ခမျာ မျက်နှာကြောကို တည်တင်းရလွန်းလို့ ပြတ်ထွက် မလားတောင် ထင်ရတယ်။

အနီးကပ်သွားတက်တော့လည်း မယ်တော်မကို ကောင်လေးတစ်ကောင် လာခေါ်တယ် လေ။ ဒို ဆိုလားဘာလားမသိဘူး။ ဆိုင်ကယ် အမြင့်ကြီးနဲ့။ နောက်ကနေ ဘောင်းဘီဂမ်းကွာတားနဲ့ ခွထိုင်လိုက်သွားတာများ သူ့ကိုယ်သူ ဂျက်မများမှတ်နေလား အောက်မေ့ရတယ်။ တောသူမလေး ကို မေးကြည့်တော့ လာခေါ်သွားတဲ့ ကောင်းလေးက သူ့ရည်းစားဆိုလား။ ရည်းစားမထားရလို့ လိုက်ပိတ်ပင်ပြန်ရင်လည်း လူ့အခွင့်အရေးနဲ့ကိုင်ပေါက်နေရင် ခက်ခက်ရယ်။ မျက်စိနောက် လာရင်တော့ သတိပေးရမှာပဲ။ မနေချင် အဆောင်ပြောင်းပေ့ါ။

တော်သေးတယ်။ တခြားအဆောင်သူတွေရော တောသူမလေးရောက အနေအထိုင် ဣန္ဒြေရှိတာမို့ မပြောရလို့။ လိုက်ထိန်းနေရတာ ဆိုလို့ ဟိုမယ်တော်မလေးပဲရှိတာ။ သူလိုလူတွေ ချည်း ဆယ်လောက်ဆိုရင်လည်း မဆင့်တို့ အသက်ဘယ်ကထွက်ရမှန်းတောင် သိမှာမဟုတ်ဘူး။

## (၅)

“ အဟင့်ဟင့် ငါတော့ ကိုယ်ကျိုးနည်းပါပြီဟာ…သူကင့်ါကို မယူနိုင်ဘူးတဲ့”

ညအိပ်ရာဝင် ဘုရားရှိခိုးဖို့ အောက်ထပ်ကနေ တက်လာတဲ့ မဆင့်နားထဲ

ဝင်လာတဲ့ ငိုသံကြောင့် လန့်သွားမိတယ်။ ဟိုကောင်မလေး နှစ်ယောက် အခန်းက လာတဲ့အသံပဲ။ ဘုရားခန်းနဲ့ကပ်လျက်မို့ အတိုင်းသားကြားနေရတယ်။ ဆတ်ခနဲဆိုတော့ ဘယ်သူ့အသံမှန်း မခွဲခြားလိုက်နိုင်ဘူး။ တိတ်တိတ်လေး သူတို့ အခန်းနားကပ်သွားလိုက်တယ်။

"နင်ကလည်းဟာ ဖြစ်ပြီးမှတော့ ဘယ်တတ်နိုင်မလဲ...အစကတည်းက ဆင်ခြင်ခဲ့ဖို့ ကောင်းတာပေ့ါဟာ"

ပြန်ပြောတဲ့အသံကလည်း ငိုသံပါနေတာဆိုတော့ မဆင့် မဝေခွဲနိုင်ဘူး ဖြစ်နေတယ်။

"ငါလည်း နင်တို့လို ဝတ်ချင်စားချင်တာပေ့ါဟာ...ဒီပုံစံကြီးနဲ့ နေနေရလာ ဘယ်လောက် စိတ်ညစ်တယ်မှတ်လဲ...အိမ်ကိုကြောက်လို့သာ ငါဝတ်နေတာ...နင့်လို လွတ်လွတ်လပ်လပ် နေချင်တာပေ့ါ ဝတ်နိုင် စားနိုင်ချင်တာပေ့ါ...င့ါရဲ့ အဲဒီ စိတ်က ခုတော့ ငါ့ကိုရော ငါ့အရှက်နဲ့ သိက္ခာကိုရော သတ်ပစ်ပြီ... မဆင့်သိရင် ငါ့ကိုဘာပြောမလဲမသိဘူး"

"ဒါဆို နင် ဟိုတစ်လောက သွားသွားနေတာ နင့်အဒေါ်အိမ် မဟုတ်ဘူးပေ့ါ"

ဘုရားဘုရား ဘာတွေဖြစ်ကုန်ပြီလဲ။ ကမ္ဘာကြီးက နှစ်ဆယ့်သုံး နှစ်ပိုင်းတစ်ပိုင်း ဒီဂရီထက် ထပ်ပြီးများ တိမ်းစောင်းကုန်တာလား အရပ်ကတို့မယ်...။ မဆင့်သိရင် ငါ့ကိုဘာပြောမလဲ မသိဘူး

တဲ့လား။ မိုက်လိုက်တာ တောသူမရယ်...။ ညည်း...ညည်းကို ငါက အထင်တွေကြီး ထားလိုက်ရတာ ။ ဒါဆို ညည်းအဒေါ်အိမ်သွားသွားပြီး အကြော်အလှော် သွားလုပ်တယ် ဆိုတာ လိမ်ခဲ့တာပေ့ါ။ ငါ့မှာတော့ ယုံကြည်လိုက်ရတာ ...။

မိန်းမတစ်ယောက်ဟာ ဘယ်လောက်ပဲ မိန်းမပီသနေပါစေ ကိုယ့်ရဲ့

အရှက်နဲ့ သိက္ခာကိုမှ မထိန်းသိမ်းနိုင်ရင် အလကားပဲ။ အပျိုစင် မိန်းကလေးဘဝဆိုတာ ပန်းပွင့်လေးတွေနဲ့ တူတယ်အေ့။ နေမလောင်အောင်၊ ပိုးမကိုက်အောင် ကာကွယ်နေရတာ ။ ခုတော့ ညည်းက နေလောင်ပန်း တောင်မဟုတ်ဘူး။ အပြင်ပန်းလှပြီး အတွင်း ပိုးကိုက်ခံထားရတဲ့ ပိုးကိုက်ပန်းပဲ။ ငါအထင်ကြီးခဲ့ တာတွေသွားပြီ။ ညည်းဟာ ပိုးကိုက် ပန်း ပဲ။

ယူကြုံးမရတဲ့စိတ်နဲ့ မဆင့်ရင်တစ်ခုလုံး ပူလောင်နေတယ်။ ကိုယ်ဘယ်လောက် ထိန်းပေးပေး ကာယကံရှင်ကိုယ်တိုင်က မထိန်းသိမ်းရင် တန်ဖိုးဆိုတာ အလကားပါလား။ မိုက်လိုက်တာအေ။မျက်စိရှေ့ရှိနေတဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို အားကိုးတကြီး လက်အုပ်ချီ လိုက်မိတယ်။

“တပည့်တော်မ ဥယျာဉ်တွင်းမှ ပန်းကလေးများ ပိုးကိုက်မခံရအောင် စောင့်ရှောက် ပေးတော် မူပါဘုရား”

**ချစ်ခင်လေးစားလျှက်**

**ဆုဂျေ**

***